ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့၊ (17-2-2008) (၅၅၉၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒသမအကြိမ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းအရောင်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒသမအကြိမ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒသမအကြိမ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ဝေဇယန္တာလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နှစ်ပတ်လည်အစည်းအဝေးအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဆောက်လုပ်ရေးဆိုင်ရာပစ္စည်း အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အသင်း၏ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်း(အရဏ်ဦးကုမ္ပဏီ)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြု၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အလုပ်အမှုဆောင်ဟောင်းများ နုတ်ထွက်ခြင်းနှင့် အလုပ်အမှုဆောင်အသစ်များ ရွေးချယ်ခြင်း၊ အတည်ပြုခြင်းများကို အစီအစဉ်အတိုင်း ကျင်းပပြီး အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မိတ်ဆက်စကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

ဂရုတ်ကောင်း သို့မဟုတ် ငရုတ်ကောင်းတွင်ပါသော ပက်ပါရင်းကိုသုံးစွဲ၍ ကုသပါက ခရုသင်းပျောက်ကင်း

လန်ဒန် ဖေဖော်ဝါရီ ၁၆

ကမ္ဘာ့လူဦးရေ၏ တစ်ရာခိုင်နှုန်းမျှသော လူများတွင် အသားအရေပျက်စီးတတ်သည့် သဘာဝရှိသည်ကို တွေ့ရသည်ဟု ဗြိတိန်သုတေသီများက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။ ယင်းသို့သောအခြေအနေကို ငရုတ်ကောင်းသုံးစွဲခြင်းဖြင့် ကာကွယ်ကုသပေးနိုင်ကြောင်း တွေ့ရသည်ဟုဆိုသည်။

ငရုတ်ကောင်းတွင် ပက်ပါရင်းဟုခေါ်သော ဓာတ်ပစ္စည်းတစ်မျိုးပါဝင်နေသည်။ ထိုဓာတ်ပစ္စည်းသည် လူ့အသားအရေတွင် ရောင်ခြယ်ပစ္စည်းများကို ထုတ်လုပ်ပေးရန် လှုံ့ဆော်ပေးသည့် သတ္တိရှိသည်။ ထိုသတ္တိကြောင့် အရေပြားတွင် အဖြူကွက်များ ဖြစ်ပေါ်သည့် ခရုသင်းစွဲသည့် ရောဂါကို သက်သာစေနိုင်သည်ဟုဆိုသည်။

ပက်ပါရင်း ဓာတ်ပစ္စည်းကို တစ်မျိုးတည်းသုံး၍ ကုသပေးသည်ထက် ခရမ်းလွန်ရောင်ခြည်ဓာတ်ကို ပေးသည့်နည်းဖြင့် တွဲ၍ ကုသပါက ပို၍ထိရောက်ကြောင်း သုတေသီများက ပြောကြားသည်။ ထိုတွေ့ရှိချက်များကို အရေပြားရောဂါပညာ

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✻



ပက်ပါရင်းဓာတ်ပါဝင်သော ငရုတ်ကောင်းပင်သည် ပူအိုက်စွတ်စိုဒေသများတွင် ပေါက်ရောက်သည်။

ကြေးမုံ The Mirror

ဆေးသိပ္ပံဆိုင်ရာ အင်တာနက် သတင်း

ဆောင်းပါးအညွှန်း

❒ "နွားနောက်သည် ပေ ၃၀၀၀ အထက်ရှိသည့် ချင်းပြည်နယ်၏ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည်။ သဘာဝပေါက်ပင်များကိုစား၍ ကြီးထွားလွယ်၊ အသားတိုးလွယ်ကြသည်။ အသက်တစ်နှစ်ပြည့်လျှင်ပင် ဈေးကွက်ဝင်၍ အသားအဖြစ် စားသုံးနိုင်သည့်အရွယ်ရောက်သည်။"

မောင်အောင်(မွေးကု)၏**"အလားအလာကောင်းမွန်သော နွားနောက်မွေးမြူရေး"**

(ဆောင်းပါး) စာမျက်နှာ-၆

❒ "မီးလောင်ကျွမ်းစတွင် အလွယ်တကူ အလျင်အမြန်ငြိမ်းသတ်နိုင်သည်မှာ မီးသတ်ဆေးဘူးဖြစ်သည်။ မီးသတ်ဆေးဘူးသည် လောင်ကျွမ်းနေသောပစ္စည်းကို အေးလာစေပြီး သို့မဟုတ် ပတ်ဝန်းကျင်ရှိ အောက်ဆီဂျင်ကို ဖယ်ရှားပေးကာ မီးကိုငြိမ်းစေအောင် စီမံထားသော ပစ္စည်းဖြစ်သည်။"

အောင်အောင်၏ **"မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ပါ"**

(သတင်းဆောင်းပါး) စာမျက်နှာ-၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၂-၂၀၀၈
(တနင်္ဂနွေနေ့)

အပန်းဖြေဥယျာဉ်၊ ပန်းခြံများ အဆင့်မြှင့်တင် မြို့ပြသန့်ရှင်းသာယာရေး ပြည်သူများ ပူးပေါင်းပါဝင်

ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် မြို့ပြလူနေဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိရန် လိုအပ်သကဲ့သို့ အားလပ်ချိန်များတွင် အနားယူ အပန်းဖြေနိုင်ရေးအတွက် ဥယျာဉ်များ၊ ပန်းခြံများ သာယာလှပနေရန်လည်း လိုအပ်သည်။

ယခုအခါ စီးပွားရေး အချက်အချာကျသည့် မြို့ကြီးပြကြီးများတွင် မြို့ပြအင်္ဂါရပ်နှင့်အညီ လမ်းများကောင်းမွန်ရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်နေစေရေးတို့အတွက် အပန်းဖြေဥယျာဉ်ပန်းခြံများ၊ ရေကန်များကို ပြုပြင်ဖန်တီး တည်ဆောက်ပေးလျက်ရှိသည်။

အပန်းဖြေဥယျာဉ်များနှင့် ပန်းခြံများအတွင်း မြက်ခင်းများ၊ ပန်းအလှပင်များဖြင့် လှပညီညာဝေဆာစေရေး အဆင့်မြှင့်တင်မှုလုပ်ငန်းများကို မဟာဗန္ဓုလပန်းခြံ၊ ဗိုလ်ချုပ်ပန်းခြံ၊ ပြည်သူ့ရင်ပြင်၊ မြိုင်ဟေဝန်နှင့် ကန်တော်မင်ပန်းခြံတို့တွင် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ သက်ဆိုင်ရာဌာနတို့က အပန်းဖြေဥယျာဉ်နှင့် ပန်းခြံများအပါအဝင် မြို့ပြဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အလေးထားလုပ်ဆောင်ပေးလျက်ရှိရာ ပြည်သူတိုင်းကလည်း အသိတရားရှိရှိဖြင့် ပါဝင်ကူညီ ဆောင်ရွက်ကြရန် လိုအပ်သည်။

ပြည်သူများအနေဖြင့် နေအိမ်လမ်းကြားများ၊ ရေမြောင်းများပေါ်တွင် အမှိုက်သရိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံများအပေါ် ကျူးကျော်၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနေခြင်း၊ ရေချိုးကန် ရေဘုံပိုင်များ ဖွင့်ထား၍ ရေများအလဟဿ ဆုံးရှုံးစေခြင်းစသည့် စည်းကမ်းမဲ့လုပ်ရပ်များ မပြုမူမိစေရန် ရှောင်ရှားကြရမည်ဖြစ်သည်။ ထို့အပြင် ခရီးသည်တင်ယာဉ်ပေါ်မှ အမှိုက်များပစ်ချခြင်း၊ လမ်းပေါ်သို့ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးချခြင်းတို့သည်လည်း မြို့ပြသန့်ရှင်းမှုကို အကျည်းတန်အရုပ်ဆိုးစေသည့် လုပ်ရပ်များပင်ဖြစ်သည်။

မြို့ပြနေပြည်သူများအားလုံးက ယဉ်ကျေးသောလူမျိုး၊ စည်းကမ်းရှိသော မြို့ကြီးသားများပီပီ မြို့ပြသန့်ရှင်းရေး လုပ်ငန်းများတွင် အသိတရားရှိရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသာယာလှပသော မြို့ပြများတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြမည် ဖြစ်ပါသည်။ ။

တာမွေမြို့နယ် ကျောက်မြောင်း မြို့သစ် ၁ လမ်းနေ ဦးလှသောင်း-ဒေါ်မော်မော်နှင့် သား၊သမီး၊ မြေးတစ်စုတို့က ဒေါ်မော်မော်၏ အသက်(၆၀) ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ကြေးပြားအချပ် ၆၀ တန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀ ကို လှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ငါးသိုင်းချောင်းမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဦးဘိုးမောင်ဘုန်းတော်ကြီးကျောင်း (ကိုးထပ်ကြီးဘုရားအနီး) ဗားဂရာလမ်း စမ်းချောင်းမြို့နယ်၌ ကျင်းပမည်ဖြစ်၍ အသင်းသားများနှင့် ငါးသိုင်းချောင်းနယ်သူ၊ နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် နှစ်ချုပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် နှစ်ချုပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ် နှစ်ချုပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျင်းပမည်

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နိုင်ရေး ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဖေဖော်ဝါရီ ၁၁ ရက်တွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ဝေးလံခေါင်သီဒေသများသို့ ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဝင်းစိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

နွေရာသီပညာဒါန သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် လေးထောင့်ကန်လမ်းမကြီး ဘဝမြင့်မှတ်တိုင်အနီးရှိ ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၌ ပဓာနဆရာတော် ဘဒ္ဒန္တရေဝတဦးစီးပြီး နွေရာသီပညာဒါနအဖြစ် အင်္ဂလိပ်နှင့် ဂျပန်ဘာသာ(ရေး၊ ဖတ်၊ ပြော) အထူးသင်တန်းများကို ကျွမ်းကျင်သော ဝါရင့်ပညာရှင်များ ကိုယ်တိုင်စနစ်တကျဖြင့် မတ် ၈ ရက်မှစ၍ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်သည်။ ဆဋ္ဌမတန်းမှစ၍ ဘွဲ့ရ၊ ဘွဲ့ကြို၊ ဘွဲ့လွန်များအထိ တက်ရောက်သင်ကြားနိုင်ပြီး သင်တန်းကာလမှာ သုံးလဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ရတနာသိဒ္ဓိ ပရိယတ္တိစာသင်တိုက် ဖုန်း-၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြောက်ဥက္ကလာပ အမက(၈)၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဘတင့်ဆွေ မြို့နယ်အဆင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဂါရဝေါစ စာစီစာကုံးပြိုင်ပွဲ တတိယဆုနှင့် ကျောင်းတွင်းဘာသာရပ် ထူးချွန်ဆုများရရှိသော တတိယတန်းမှ မမေသက်ခိုင်အား ဆုချီးမြှင့်စဉ်။ (၆၇)

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော CNOOC Myanmar Limited ကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက် အမှတ် M-10 တွင် ရေနံရှာဖွေရေးတွင်းများကို 1st Drilling Campaign အဖြစ် ရေနံတွင်းတူးစက် NAN HAI-2 ဖြင့် ဖေဖော်ဝါရီ ၂၆ ရက်မှ မေ ၁၈ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရေနံတွင်းတူးစက် NAN HAI-2 ဖြင့် တူးဖော်မည့် ဧရိယာအကျယ်အဝန်းမှာ တွင်းအမှတ် 1-1 မြောက် လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၃၄ ဒသမ ၉၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၂ မိနစ် ၁၈ ဒသမ ၄၇၀ စက္ကန့်၊ တွင်းအမှတ် 2-1 မြောက် လတ္တီတွဒ် ၁၄ ဒီဂရီ ၉ မိနစ် ၃၄ ဒသမ ၈၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၅ မိနစ် ၅၅ ဒသမ ၃၇၉ စက္ကန့်၊ တွင်းအမှတ် 3-1 မြောက် လတ္တီတွဒ် ၁၄ ဒီဂရီ ၄ မိနစ် ၅၁ ဒသမ ၄၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ် ၅၂ ဒသမ ၂၄၁ စက္ကန့်အတွင်း ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက် အမှတ် M-10 တွင် ရေနံတွင်းတူးစက် NAN HAI-2 ဖြင့် ရေနံရှာဖွေရေး အစမ်းတွင်းများ တူးဖော်နေစဉ်ကာလအတွင်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလို မီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

ထို့နောက် ဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)နှင့် ဦးဇော်ဝင်း(အရှဏ်ဦးကုမ္ပဏီ)တို့က ငွေကျပ် ၁၀သိန်းစီအပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်းငွေကျပ် ၁၇၄ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းကို ၁၉၉၆ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်း၏ရှေ့လုပ်ငန်းစဉ်များအဖြစ် **"နိုင်ငံတော်၏ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ပါဝင်ဆောင်ရွက်ရန်၊ အဆောက်အအုံအရည်အသွေးမြင့်တက်လာစေရန်နှင့် ပြည်သူလူထုများ ယုံကြည်မှုအပြည့်အဝဆက်လက်ရရှိစေရန်၊ စက်မှုဇုန်များတွင် သွင်းကုန်အစားထိုးစက်ရုံများ တည်ဆောက်ရန်၊ ပြည်ပပို့ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် စက်ရုံသစ်များ တည်ဆောက်နိုင်ရန်၊ ပြည်တွင်းပြည်ပအသင်းများအချင်းချင်း ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးတို့တွင် နိုင်ငံတော်နှင့်အတူ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ရန်၊ အသင်းသားများ၏ အခက်အခဲများအပေါ် အဖြေရှာညှိနှိုင်းဆောင်ရွက်ပေးရန်"** စသည်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပဲခူးတိုင်းအနောက်ပိုင်း ဝက်ထီးကန်တွင် စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းအနောက်ပိုင်း ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးစီးဆောင်ရွက်မှုဖြင့် ပြည်ခရိုင် ဝက်ထီးကန်တွင် ပြည်ထောင်စုနေ့အကြို စာပေဟောပြောပွဲကို ဝက်ထီးကန်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၀ရက် ည ၇နာရီမှ ၁၁နာရီခွဲအထိလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲသင်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈နာရီမှ ၁၁နာရီခွဲအထိလည်းကောင်း ကျင်းပရာ စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မောင်ဆန္ဒ(လယ်ဝေး)နှင့် အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)တို့က စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်မြို့တွင် စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်း ပြည်မြို့ အမှတ်(၅) အခြေခံပညာအထက်ကျောင်း၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲတွင် ဖေဖော်ဝါရီ ၁၂ ရက် ည ၇ နာရီမှ ၁၂နာရီအထိ စာပေဟောပြောပွဲကျင်းပရာ စာရေးဆရာများဖြစ်ကြသော မြင်းမူမောင်နိုင်မိုး၊ မောင်ဆန္ဒ(လယ်ဝေး)၊ သက္က(ခေတ္တရာ)နှင့် အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)တို့က စာပေရေးရာများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရောဝတီတိုင်း ဝါးခယ်မမြို့နယ် မြသိန်းတန်ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့၏ တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ စေတနာရှင်၊ အလှူရှင်များက အရန်မီးသတ် တပ်စုမှူး ဦးမောင်ဌေးထံ တူညီဝတ်စုံများ ပေးအပ်လှူဒါန်းစဉ်။ (၁၈၂)

ဖေဖော်ဝါရီ ၁ ရက်က တာမွေမြို့နယ် အမက(၆) ခန်းမ၌ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ စာပေဘာသာရပ် ထူးချွန်ပထမဆုရရှိသော သူငယ်တန်းမှ မရွှန်းလဲ့ဝန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမေက ဆုပေးအပ်ချီးမြှင့်စဉ်။ (ပညာရေး)

စိတ်အမိုးမလုံက ဆင်းရဲဒုက္ခရောက်မည်

အမိုးမလုံသော အိမ်တွင်းသို့ မိုးရေမိုးပေါက် စိမ့်ဝင်ကျရောက်သကဲ့သို့ ကုသိုလ်စိတ် ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းလေ့မရှိသောသူ၏ စိတ်ထဲသို့ ကိလေသာရာဂ ထိုးဖောက်ဝင်ရောက်ခံရခြင်းဖြင့် ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံခံစားကြရပေမည်။

(ဓမ္မပဒ ၁၃)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ တိုးချဲ့ဆွမ်းစားဆောင်၊ သံဃာဆေးပေးခန်း ကျိုက်လတ်ဓမ္မသာလာမှန်လုံခန်းနှင့် E.Library ခန်း လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ တိုးချဲ့ဆွမ်းစားဆောင်၊ သံဃာဆေးပေးခန်း၊ ကျိုက်လတ်ဓမ္မသာလာမှန်လုံခန်းနှင့် E.Library ခန်း လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၆နာရီ ၄၅မိနစ်တွင် အဆိုပါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တပဏ္ဍိတာဝရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ပါမောက္ခချုပ် ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် လှူဒါန်းမှုနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုလည်းကောင်း **(ယာပုံ)**၊ အလုပ်အမှုဆောင်များနှင့် အလှူရှင်များက ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း၊ ဇနီး ဒေါ်ခင်ခင်ရီနှင့် အလှူရှင်များသည် တိုးချဲ့ဆွမ်းစားကျောင်းဆောင်၊ သံဃာဆေးပေးခန်းနှင့် ဂိလာန သံဃာနားနေခန်းတို့ကို ကြည့်ရှုကြသည်။

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ စေတနာရှင်များနှင့် ကျေးရွာဒေသခံ ပြည်သူများ စုပေါင်းလှူဒါန်း တည်ဆောက်ထားသော မန္တလေးတိုင်း မတ္တရာမြို့ လမိုင်းကျေးရွာအုပ်စု လက်ဝဲကြီးကျေးရွာရှိ ရွှေလောင်းချောင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် အဆိုပါတံတား၌ ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးမျိုးသန့်၊ မတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းနှင့် ကျေးရွာ ရပ်မိရပ်ဖ ဦးပုကြီးတို့က ရွှေလောင်းတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မတ္တရာမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ၊ လက်ဝဲကြီးကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က ရွှေလောင်းတံတားသစ် ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ရွှေလောင်းတံတားသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းတို့က အမှာစကားပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ရွှေလောင်းတံတားနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျေးရွာပြည်သူ ဦးတင်ဝင်းထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါရွှေလောင်းတံတားမှာ အရှည် ၄၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ လူသွားလမ်းအကျယ် ၁ပေ ၆လက်မ ရှိပြီး တံတားခံနိုင်ရည် တန် ၂၀ ဖြစ်သည်။

ယင်းတံတားကို ဖွင့်လှစ်နိုင်သဖြင့် တံတားအရှေ့ဘက်ခြမ်းရှိ ရွာပေါင်း ၁၈ ရွာနှင့် တံတားအနောက်ဘက်ခြမ်းရှိ ရွာပေါင်း ၃၄ရွာ စုစုပေါင်း ၅၂ရွာရှိ ဒေသခံ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

✱ **ရှေ့ဖုံးမှ**

ဆိုင်ရာဂျာနယ်တွင် တင်ပြထားသည်။ ထိုလေ့လာချက်မှတွေ့ရှိရသော အချက်အလက်များသည် နောင်အခါ ငရုတ်ကောင်းနှင့် ယင်းမှထုတ်ယူသော ဓာတ်ပေါင်းသည် ခရသင်းရောဂါကိုကုသရာ၌ အကျိုးရှိနိုင်သည်ဟူသောအချက်ကို ညွှန်းပြလျက်ရှိကြောင်း တွေ့ရသည်ဟု ဘုရင့်ကောလိပ်မှ အန်တိုနီယောင်းက ပြောကြားသည်။

ခရသင်းရောဂါဖြစ်ပေါ်လာပါက အသားအရေတွင်ပါရှိသော မယ်လနင်ဓာတ်ကို ပျက်စီးသွားစေသဖြင့် အသားသည် ဖြူ၍ အကွက်များဖြစ်လာရသည်။ ထိုရောဂါမျိုးရှိသူမှာ နေရောင်ခြည်များစွာထိတွေ့ပါက အရေပြားကင်ဆာရောဂါရနိုင်သည့်အလားအလာ ပို၍များသည်။

ယခုအခါ ခရသင်းစွဲသူများကို စတီးရွိုက်ခေါ် ဟိုမုန်းဓာတ်များပေး၍လည်းကောင်း၊ ဓာတ်ရောင်ခြည်ပေး၍လည်းကောင်း၊ ထိုနှစ်နည်း ပေါင်းစပ်၍လည်းကောင်း ကုသပေးသော်လည်း အချို့ရောဂါသည်များတွင် ထိရောက်မှုမရှိသည်ကို တွေ့ရသည်။

ခရသင်းဖြစ်နေသော ကွက်ငယ်များကို ပက်ပါရင်းပေး၍လည်းကောင်း၊ ဓာတ်ရောင်ခြည်ပေးနည်း တွဲဖက်သုံး၍လည်းကောင်း ကုသသောအခါ ကွက်ငယ်များတွင် ရောဂါပျောက်ကင်းသက်သာသည်ကို တွေ့ရသည်ဟု သုတေသီများက ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်ရေးရာဆွေးနွေးပွဲ ကျင်းပမည်

တီဟီရန် ဖေဖော်ဝါရီ ၁၅

အီရန်နှင့် အမေရိကန် ကျွမ်းကျင်သူများ၏ စတုတ္ထအကြိမ် အီရတ်ရေးရာဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်ရာ ဆွေးနွေးမည့်ရက်ကို မကြာမီ ကြေညာမည်ဖြစ်ကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်ဟု အိုင်အာအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ဆက်လက်၍ အီရန်သမ္မတ မာမွတ် အာမက်ဒီနီဂျက်သည် အီရတ်နိုင်ငံသို့ သွားရောက်လည်ပတ်မည် ဖြစ်ကြောင်း၊ ခရီးစဉ်အတွက် ပြင်ဆင်မှုများ ပြုလုပ် ပြီးစီးပြီဖြစ်ကြောင်း ပြောကြားသည်။

ဆိုင်းငံ့

အီရတ်နိုင်ငံ လုံခြုံရေးပြဿနာအပေါ် အီရန်-အမေရိကန် သံအမတ်အဆင့် ဆွေးနွေးပွဲများကို မေနှင့် ဇူလိုင်တွင်လည်းကောင်း၊ ကျွမ်းကျင်သူအဆင့် ဆွေးနွေးပွဲများကို ဩဂုတ်တွင် လည်းကောင်း ကျင်းပခဲ့သည်။ ဒီဇင်ဘာတွင် ကျင်းပမည့် စတုတ္ထအကြိမ် ဆွေးနွေးပွဲကို ဆိုင်းငံ့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

လန်ဒန်မြို့၌ လူဆိုးသုံးဦးကိုဖမ်းမိ

လန်ဒန် ဖေဖော်ဝါရီ ၁၄

လန်ဒန်မြို့လမ်းပေါ်တွင် လူနှစ်ဦးအနက် တစ်ဦးကိုသေစေပြီး တစ်ဦးကို အပြင်းအထန် နာကျင်စေရန် တိုက်ခိုက်ကြသည့် ဖြစ်စဉ်နှစ်ရပ်နှင့် ပတ်သက်၍ လူငယ်သုံးဦးကို အင်္ဂါနေ့က ဖမ်းဆီးလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

နေတိုး စစ်ဘက်စခန်းများ ခွင့်မပြု ယူကရိန်း အစိုးရပြောကြား

မော်စကို ဖေဖော်ဝါရီ ၁၅

နေတိုးအဖွဲ့ဝင်ဖြစ်ရန် ဆန္ဒပြင်းပြနေသည့် ယူကရိန်းနိုင်ငံက နေတိုး အခြေစိုက် စခန်းများကို ယင်း၏ နယ်မြေပိုင်နက်တွင် ပိတ်ပင်တားမြစ်မည့် ဥပဒေတစ်ရပ်ကို ချမှတ်ရန် စီစဉ်နေကြောင်း ယူကရိန်းသမ္မတဗစ်တာယူရှင်၏ ပြောကြားချက်ကို ကိုးကား၍ ရုရှား အာအိုင်အေသတင်းဌာနက ဖော်ပြသည်။

ရုရှားဘက်က ယင်းစစ်ရေးအခြေစိုက်စခန်းများနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်နေပါက ယူကရိန်းက စစ်ရေးအခြေစိုက်စခန်းခွင့်ပြုမည့်လုပ်ငန်းကို မည်သည့်အခါမှ ဆောင်ရွက်မည် မဟုတ်ကြောင်း၊ မိမိတို့က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲထားရန် အဆင်သင့်ရှိကြောင်း မော်စကိုမြို့တော်တွင် ယူကရိန်း အသိုက်အဝန်းများနှင့် ယူရှင်ကိုတို့ တွေ့ဆုံခဲ့ရာတွင် ပြောကြားသည်။

ယူကရိန်းက နေတိုးအဖွဲ့သို့ဝင်ရောက်ခဲ့ပါက ရုရှားက ယင်း၏ဒုံးကျည်များကို ယူကရိန်းတွင် ဖြန့်ကြက်ရန် အစီအစဉ်ရှိကြောင်း ယူရှင်ကိုနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ရုရှားသမ္မတပူတင်က သတိပေးပြောကြားခဲ့သည်။ ယူကရိန်းဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်ပစစ်ရေး အခြေစိုက်စခန်းများ ထားရှိမှုကို ပိတ်ပင်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

ယူကရိန်းနိုင်ငံသမ္မတ ဗစ်တာယူရှင်ကို။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များ ဗြိတိန်နိုင်ငံ၌ လှည့်လည်သွားလာနေသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါလက်စတိုင်း စစ်သွေးကြွများက အစ္စရေးတောင်ပိုင်းသို့ ရော့ကက်ဒုံးကျည်ဖြင့် ပစ်ခတ်

ဂါဇာ ဖေဖော်ဝါရီ ၁၅

လက်နက်ကိုင် အစ္စလာမ့်စ် လှုပ်ရှားမှုအဖွဲ့က ဂါဇာကမ်းမြောင်မှ အစ္စရေးတောင်ပိုင်းဒေသသို့ ပြည်တွင်းဖြစ် ရော့ကက် ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့သည်ဟု ဗုဒ္ဓဟူးနေ့တွင် ကြေညာသည်။

ယင်းအဖွဲ့မှ စစ်သွေးကြွများက ပြည်တွင်းဖြစ် ဒုံးကျည်တစ်စင်းဖြင့် ဂါဇာကမ်းမြောင်မှ အစ္စရေးကမ်းခြေမြို့ အက်ရှ်ကယ်လွန်သို့ ပစ်ခတ်ခဲ့ကြောင်း ပြောကြားသည်။

ရပ်ဆိုင်း

အစ္စရေးက ပါလက်စတိုင်း ပြည်သူလူထုအား တိုက်ခိုက်သည့် ပြစ်မှုများ နေ့စဉ် ကျူးလွန်နေမှုကိုတုံ့ပြန်သည့် အနေဖြင့် စစ်သွေးကြွများက ရော့ကက် ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အစ္စရေး သိမ်းပိုက်ရေးတပ်ဖွဲ့များ၏ လုပ်ရပ်ကို တွန်းလှန်တိုက်ခိုက်မှုကို မည်သည့်အခါမှ ရပ်ဆိုင်းမည်မဟုတ်ဟု အဆိုပါအုပ်စုက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကဘူး၌ ဂျပန်သံရုံး ပိတ်ထားရ

စတော့ဟုမ်း ဖေဖော်ဝါရီ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင်ရှိသော နော်ဝေးသံရုံးကို ဆက်လက် ပိတ်ထားကြောင်း၊ သံအဖွဲ့အား အကြမ်းဖက် တိုက်ခိုက်မည်ဟု ခြိမ်းခြောက်လက်ခံရရှိပြီးနောက် ဖေဖော်ဝါရီ ၁၀ ရက်က စတင်ပိတ်ခဲ့ခြင်းဖြစ်ကြောင်း အော်စလိုမှရရှိသည့် သတင်းကို နော်ဝေးအသံလွှင့်ဌာနက ထုတ်လွှင့်သည်။

ထုတ်လွှင့်

အဆိုပါ သံရုံးတွင် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ချထားလျက်ရှိကြောင်း၊ သို့သော် သံရုံးပြန်လည် ဖွင့်လှစ်ရန် အချိန်ကို ပြောကြားရန် အချိန်စောလွန်းကြောင်း နော်ဝေး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ စရိဖတန်မီလ်ဂွမ်၏ ပြောကြားချက်ကို နော်ဝေးအသံလွှင့်ဌာနက ထုတ်လွှင့်သွားသည်။

ခြိမ်းခြောက်

ကဘူးရှိ နော်ဝေးသံရုံးသည် ဇန်နဝါရီလကလည်း အကြမ်းဖက်မည်ဟု ခြိမ်းခြောက်ခံခဲ့ရသော်လည်း ထိုအချိန်ကသံရုံးကို မပိတ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်အစိုးရက တရုတ်ခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာဈေးနှုန်း လျှော့ချပေးမည်

ပေကျင်း ဖေဖော်ဝါရီ ၁၅

ဗြိတိန်အစိုးရက တရုတ်နိုင်ငံမှ အုပ်စုလိုက်လာသည့် ခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာဈေးနှုန်းများကို မတ် ၃ ရက်မှ စတင်၍ သုံးပုံတစ်ပုံနီးပါးသုံးလအတွက် လျှော့ချမည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး ဆူဝီလီယံအာမန်က ပြောကြားသည်။

ဈေးနှုန်းများကို ၆၃ ပေါင်(ယွမ်ငွေ ၉၈၀)မှ ၄၄ ပေါင်(ယွမ်ငွေ ၆၆၀) အထိ လျှော့ချမည်ဖြစ်ပြီး အမြဲတမ်း လျှော့ချမည့် နောက်ဆုံးဈေးနှုန်းကို စမ်းသပ်မှုကာလ အပြီးတွင် သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမည်ဟု အာမန်က ပြောကြားသည်။

ဈေးနှုန်းလျှော့ချမှု စမ်းသပ်ရာတွင် တရုတ်နိုင်ငံသည် ပထမဆုံးနိုင်ငံဖြစ်ပြီး ခရီးသွားလုပ်ငန်း တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ၎င်းက ပြောကြားသည်။

ဗြိတိန်နှင့်တရုတ်တို့၏ ဆက်ဆံရေးသည် အရေးပါပြီး တိုးတက်မှုရှိနေကာ ပြည်ဝင်ခွင့်ဗီဇာစနစ်သည် လူများအုပ်စုလိုက်ခရီးသွားလာရေးအတွက် ချောမွေ့စေရန် လိုအပ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်ခရီးသည်များသည် ဥရောပဒေသသို့ အုံလိုက်ကျင်းလိုက် ခရီးသွားနေကြပြီး ဗြိတိန်က တရုတ်ခရီးသွားများ လာရောက်လည်ပတ်ရန် ဆန္ဒရှိနေသည်ဟု အာမန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ကျေးရွာကို အမေရိကန်တပ်ဖွဲ့ တိုက်ခိုက် အမျိုးသမီး နှစ်ဦးအပါအဝင် ရှစ်ဦးသေဆုံး

တီကရစ် ဖေဖော်ဝါရီ ၁၅

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆာလာဟူဒင်ဒေသအတွင်းသို့ ဝင်ရောက်တိုက်ခိုက်ရာတွင် အယ်လ်ခိုင်ဒါဆန့်ကျင်ရေးအုပ်စုမှ လက်နက်ကိုင်ခြောက်ဦးနှင့် အမျိုးသမီးနှစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၂၈၀ အကွာရှိ အယ်လ်ရာဝီယန်ကျေးရွာသို့ အမေရိကန်စစ်တပ်က ဝင်ရောက်စီးနင်းရာမှ ဤဖြစ်ရပ် ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ သတင်းပေးခဲ့သည်။

အဆိုပါ ကျေးရွာအတွင်း ကင်းလှည့်နေသော အမေရိကန်တပ်သားအချို့ကို အယ်လ်ခိုင်ဒါ ဆန့်ကျင်ရေးဆွန်နီမျိုးနွယ်စု လက်နက်ကိုင်များက လက်နက်ငယ်များနှင့် ပစ်ခတ်ရာ အမေရိကန်တို့က လက်နက်ကြီးများဖြင့် ပြန်လည်တိုက်ခိုက်သည့်အတွက် တိုက်ခိုက်ရေးသမား ခြောက်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးရခြင်းဖြစ်ကြောင်း ပြောသည်။

ဆွန်နီလက်နက်ကိုင်များသည် ၎င်းတို့၏ကျေးရွာအတွင်း ကင်းလှည့်နေစဉ် အမေရိကန်စစ်သားများကို စစ်သွေးကြွများဟု အထင်မှားကာ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းပေးသူက ဆက်လက်ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ကမူ ယခုအချိန်ထိ ဤဖြစ်ရပ်ကို အတည်ပြုပြောကြားခြင်း မရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုံးပြည်နယ် တင်ပယ်ကျွန်းရှိ ပင်လယ်ဖျံများကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်အရှေ့ပိုင်း၌ ဟိုတယ်မီးလောင် ၁၁ ဦးသေဆုံး

ပေကျင်း ဖေဖော်ဝါရီ ၁၅

တရုတ်နိုင်ငံအရှေ့ပိုင်း စီကျန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၅ ရက် အစောပိုင်းက ဟိုတယ်တစ်ခု၌ မီးလောင်မှုဖြစ်ပွားရာ လူ ၁၁ ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိကြောင်း ဆင်ဟွာ သတင်းဌာနက ပြောကြားသည်။

ယီဝူမြို့ ချန်ရှူးဟိုတယ်တွင် ဒေသစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၅၀ အချိန်၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီး တစ်နာရီကြာအချိန်အတွင်း မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးသတ်သမားများက ၂၃ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ဆေးရုံတွင် ၁၁ ဦးသေဆုံးသွားကြောင်း၊ လေးဦးမှာ ဆေးရုံတွင် ဆေးကုသခံယူနေဆဲဖြစ်ကြောင်း ဆင်ဟွာကဖော်ပြသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလက စီကျန်ပြည်နယ်အခြားမြို့၌ ပန်းအရောင်းဆိုင် မြေညီထပ်တွင် မီးလောင်မှု ဖြစ်ပွားရာ အကာခန်းမနှင့် အခြားအထပ်များသို့ မီးကူးစက်လောင်ကျွမ်းမှုကြောင့် လူ ၂၁ ဦး သေဆုံးရသည်။

အမ်အင်အေ၊ရိုက်တာ။

ဟောင်ကောင်တွင် ၂၃ ရက် ဆက်တိုက် အပူချိန်ကျဆင်း ဆိုက်ဘေးရီးယားမှ လေအေးများ တိုက်ခတ်ခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြ

ဟောင်ကောင် ဖေဖော်ဝါရီ ၁၅

ဟောင်ကောင်တွင် ဗုဒ္ဓဟူးနေ့အထိ ၂၃ရက်ဆက်တိုက် အပူချိန် ၁၂ဒီဂရီဆယ်စီးယပ်အောက် ကျဆင်းနေရာ ဟောင်ကောင်၏ အနိမ့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းဝင်သွားသည်။ ၁၉၆၈ခုနှစ်နောက်ပိုင်း ဟောင်ကောင်မြို့၏ အအေးဓာတ် ရက်အရှည်ကြာဆုံး ကာလပင်ဖြစ်သည်။

ဤကာလအတွင်း ဟောင်ကောင် မိုးလေဝသလေ့လာရေးတွင် မှတ်တမ်းတင်ထားသော ပျမ်းမျှအပူချိန်မှာ ၉ဒသမ ၉ဒီဂရီဖြစ်သည်။ ၁၈၈၅ခုနှစ်မှ စသည့်မှတ်တမ်းအရ ဇန်နဝါရီ ၂၄ရက် ဖေဖော်ဝါရီ ၁၃ရက် ကာလအတွင်းမှာ ဒုတိယအနိမ့်ဆုံး အပူချိန်ဖြစ်သည်။

လေအေးများတိုက်

ယခုကဲ့သို့ ထူးထူးခြားခြား ကာလကြာရှည်စွာ အေးနေခြင်းသည် ဆိုက်ဘေးရီးယားမှ လေအေးများ တရုတ်ပြည် အလယ်ပိုင်းနှင့် တောင်ပိုင်းအထိ မရပ်မနား တိုက်ခတ်လာခြင်းကြောင့်ဖြစ်သည်။

တိမ်ထူထပ်

၎င်းအပြင် အိန္ဒိယသမုဒ္ဒရာနှင့် တောင်တရုတ် ပင်လယ်တို့မှလည်း စိုထိုင်းဆများသောလေများ တိုက်ခတ်လာခြင်းကြောင့်လည်း ဖြစ်သည်။ ထိုလေအေးနှင့် စိုထိုင်းဆများသော လေတို့ ဆုံတွေ့ကြရာမှ ဒေသတစ်ဝန်းလုံး စဉ်ဆက်မပြတ် တိမ်ထူထပ်စေပြီး မိုးရွာသွန်းစေကာ ရာသီဥတုကို အေးစေသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နိုင်ငံ ကျန်စီပြည်နယ် ဇင်ဂိုဒေသ ကီဖန်ကျေးရွာတွင် နှင်းမုန်တိုင်းကျစဉ်က ပြိုလဲသွားသော ဓာတ်တိုင်များကို ပြန်လည်စိုက်ထူနေကြသော တရုတ်ပြည်သူ့ တပ်မတော်သားများကို ဖေဖော်ဝါရီ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror

နိုင်ငံတကာရေးရာသတင်းများ

ပါကစ္စတန်တွင် မဲဆွယ်ပွဲရုံးအနီး၌ ဗုံးပေါက်ကွဲ ၂၇ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၆

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်အနီးဒေသတွင် ဖေဖော်ဝါရီ ၁၆ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ၂၇ ဦးသေဆုံးပြီး တစ်ဒါဇင်ကျော် ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။

မဲရွေးပွဲ၌ တစ်သီးပုဂ္ဂလဝင်ရောက်ယှဉ်ပြိုင်သူ ရစ်ဟူဆန်ရှား၏ ရုံးခန်း၌ ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် အနည်းဆုံး တစ်ဒါဇင်မက ဒဏ်ရာရရှိသွားသည်။ ဗုံးပေါက်ကွဲရာနေရာမှာ နယ်စပ်ရှိ ပါရာချင်နီရာအရပ်ဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားစဉ်က ရစ်ဟူဆန်ရှားသည် အနီးဝန်းကျင်၌ လူထုအစည်းအဝေး ပြုလုပ်လျက်ရှိသည်။ ဆေးရုံသို့ အလောင်း ၂၀ကျော်ရောက်ရှိလာပြီး ဒဏ်ရာရသူ တစ်ဒါဇင်ကျော်လည်း ဆေးကုသမှုခံယူလျက်ရှိကြောင်း ဆေးရုံမှအရာရှိ အမီရာမိုဟာမက်က ပြောကြားသည်။

ပြီးခဲ့သောနှစ်အတွင်းက ပါကစ္စတန်နိုင်ငံ၌ ဗုံးပေါက်ကွဲမှု အများအပြားဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်များကြောင့် လူပေါင်း ၁၀၀၀ကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။ အထူးသဖြင့် တာလီဘန်နှင့် အယ်လ်ခိုင်ဒါများ လှုပ်ရှားမှု များပြားရာဒေသများ၌ တိုက်ခိုက်မှုများ ပိုမိုများပြားသည်ဟု ဆိုသည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ၌ ရွေးကောက်ပွဲကာလအတွင်း ကရာချိမြို့၌ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်လာနိုင်

ဗန်ကောက် ဖေဖော်ဝါရီ ၁၆

ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင် ရှင်နာဝပ်အား စွဲချက်တင်ထားမှုကို ရှင်းလင်းနိုင်ပါက သက်ဆင်အနေဖြင့် နိုင်ငံရေးလောကသို့ ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း ထိုင်းလေတပ်ဦးစီးချုပ်ဖြစ်သူ ချာလစ်ပွတ်ဖာဆွတ်က ပြောကြားသည်။ ၎င်းသည် ၂၀၀၆ခုနှစ် အာဏာသိမ်းရာတွင် ပါဝင်ခဲ့သည့် စစ်ဘက် အရာရှိတစ်ဦးဖြစ်သည်။

သတင်းစာရှင်းလင်းပွဲတွင် သက်ဆင်နိုင်ငံရေးလောကသို့ ဝင်ရောက်နိုင်မှုရှိ၊ မရှိ မေးမြန်းရာတွင် သက်ဆင်အား တရားဥပဒေအရ စွဲချက်တင်ထားမှုကို ဖြေရှင်းနိုင်ခဲ့ပါက ၎င်းအနေဖြင့် နိုင်ငံရေးလောကသို့ ဝင်ရောက်နိုင်မည်ဟု မိမိထင်မြင်ကြောင်း ဖြေကြားသည်။

သက်ဆင်အနေဖြင့် ၎င်းအား စွပ်စွဲထားမှုများကို တရားရုံးတွင် ဖြေရှင်းနိုင်ရန်အတွက် ထိုင်းနိုင်ငံသို့ ပြန်လာသင့်သည်ဟု ၎င်းက ပြောကြားကြောင်း သည်နေးရှင်း သတင်းစာက ရေးသားသည်။

တရားရုံးက ၂၀၀၇ခုနှစ် မေလတွင် သက်ဆင်အား နိုင်ငံရေးငါးနှစ်မလုပ်ရန် တားမြစ်ပြီးခဲ့သည့်နောက် သက်ဆင်နိုင်ငံရေးလောကသို့ ဝင်လာနိုင်သည်ဟု အာဏာသိမ်းရာတွင် ပါဝင်ခဲ့သော စစ်ဘက်အရာရှိတစ်ဦးက ပထမဆုံးအကြိမ် ပြောကြားခြင်းဖြစ်သည်။

၂၀၀၆ခုနှစ် အာဏာသိမ်းမှုအပြီး ထိုင်းအမျိုးသား လုံခြုံရေးကောင်စီကို ဖျက်သိမ်းခဲ့သည်ဟု ချာလစ်က လွန်ခဲ့သည့် ရက်သတ္တပတ်က ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စရေးစစ်တပ်က ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်း ၃၀ကို ဖမ်းဆီး

ဂါဇာ ဖေဖော်ဝါရီ ၁၆

အစ္စရေးအထူးတပ်ဖွဲ့ဝင်များက ပါလက်စတိုင်းလူမျိုး ၃၀ကို ဂါဇာကမ်းမြောင် အရှေ့တောင်ပိုင်းဒေသတွင် ကြာသပတေးနေ့က ဖမ်းဆီးခဲ့ကြောင်း အစ္စရေးစစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် ဂါဇာတောင်ပိုင်းရှိ ရာဖာမြို့မှ လေဆိပ်တစ်ဝိုက်သို့ ညဥ့်နက်ပိုင်းတွင် ထိုးဖောက်ဝင်ရောက်လာပြီး စစ်ဆေးမေးမြန်းရန်အတွက် ပါလက်စတိုင်း ၃၀ကို ခေါ်ယူသွားသည်ဟု ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဒေသတွင်နေထိုင်သည့် ပါလက်စတိုင်းများက ယင်းသတင်းမှန်ကန်ကြောင်း အတည်ပြုပြောကြားသည်။ တစ်ချိန်တည်းမှာပင် အနောက်ဘက်ကမ်းခြေတွင် လွန်ခဲ့သည့်ညကပြုလုပ်ခဲ့သည့် စစ်ရေးလှုပ်ရှားမှုအတွင်း ပါလက်စတိုင်း ၁၃ဦးကို ဖမ်းဆီးခဲ့သည်ဟု အစ္စရေးရေဒီယိုကကြေညာသည်။

အဖမ်းခံရသူအများစုသည် ဟီဘရွန်နှင့် အနောက်ဘက်ကမ်းခြေတွင် အဖမ်းခံရခြင်းဖြစ်ပြီး အစ္စရေးစစ်ဘက်က အလိုရှိသူများဖြစ်၍ ဖမ်းဆီးခြင်းဖြစ်သည်ဟု စစ်ဘက်သတင်းရပ်ကွက်ကို ကိုးကား၍ ရေဒီယိုကကြေညာသည်။

အဖမ်းခံရသူအချို့တွင် လက်နက်များနှင့် ခဲယမ်းမီးကျောက်များရှိသည်ကိုလည်း အစ္စရေးတပ်ဖွဲ့ကတွေ့ရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုကီနာဝါကျွန်းမှ အမေရိကန်တပ်လျှော့ချရန် တောင်းဆို

တိုကျို ဖေဖော်ဝါရီ ၁၅

ဂျပန် ကျောင်းသူလေးတစ်ဦးအား အဓမ္မပြုကျင့်သည်ဟု စွပ်စွဲမှုဖြင့် အမေရိကန် မရိန်းတပ်သားတစ်ဦးကို ဖမ်းဆီးပြီးနောက် အိုကီနာဝါကျွန်းမှ လွှတ်တော်အမတ်များက ကျွန်းပေါ်၌ အမေရိကန်တပ်ဖွဲ့ ချထားခြင်းကို လျှော့ချရန်နှင့် အမေရိကန်စစ်သားများကို စည်းကမ်းပိုမိုတင်းကျပ်ရန် တောင်းဆိုကြသည်။

သုံးဆယ့်ရှစ်နှစ်အရွယ်ရှိ အမေရိကန်မရိန်းတပ်ကြပ်ကြီး သရန်းဟက်နော့သည် (၁၄)နှစ်အရွယ် မိန်းကလေးကို အဓမ္မပြုကျင့်သည်ဟူသော မသင်္ကာမှုဖြင့် တနင်္လာနေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါမိန်းကလေးနှင့် သူ၏မိသားစုကို တောင်းပန်ရန်နှင့် လျော်ကြေးငွေပေးရန်၊ အနာဂတ်ကာလတွင် အလားတူဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်ရေး အာမခံရန်နှင့် ကျွန်းပေါ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များလျှော့ချရန် လွှတ်တော်အမတ်များက တောင်းဆိုကြသည်။ ဂျပန်နိုင်ငံတွင် အမေရိကန်တပ်သားအရေအတွက် ၅၀၀၀၀နီးပါးရှိနေသည်။

ဂျပန်အစိုးရက အိုကီနာဝါကျွန်း၌ာနေများအား မရိန်းလေတပ်စခန်း ပြောင်းရွှေ့မည့်အစီအစဉ်ကိုလက်ခံရန် စည်းရုံးလျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

ကန့်ကွက်ဆန္ဒပြ

တန်ဇန်းနီးယားနိုင်ငံ ဒါရက်ဆလမ်မြို့တွင် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ အာဖရိကဒေသခရီးစဉ်ကို ကန့်ကွက်ဆန္ဒပြနေသူများအား ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အလားအလာကောင်းမွန်သော နွားနောက်မွေးမြူရေး

မောင်အောင်(မွေးကု)

ချင်းပြည်နယ်တွင် မိရိုးဖလာအရ နွားနောက်ကို အမြတ်တနိုး မွေးမြူကြသည်။ ချင်းအမျိုးသားတို့၏ ချမ်းသာကြွယ်ဝမှုကို နွားနောက်ပိုင်ဆိုင်သည့် ကောင်ရေဖြင့် ပြသလေ့ရှိသည်။ ချင်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံအရ မင်္ဂလာဆောင်နှင့်ဘာသာရေးပွဲ၊ နာရေးပွဲတို့တွင် နွားနောက်သားဖြင့် ဧည့်ခံကျွေးမွေးတတ်သကဲ့သို့ ခိုက်ရန်ဖြစ်ပွားမှုနှင့် လျော်ကြေးပေးရာတွင်လည်း နွားနောက်ဖြင့် လျော်ကြေးပေးတတ်ကြသည်။

နွားနောက်သည် Gavarus မျိုးစိတ်တွင် ပါဝင်သည်။ ၎င်းမျိုးစိတ်တွင် တောရိုင်းနွားသုံးမျိုးပါဝင်သည်။ ပြောင် (Gavarus Gaurus=Gaur)၊ နွားနောက် (Gavarus Frontalis=Mythum) နှင့် စိုင် (Gavarus Sondicus= Banteng)တို့ဖြစ်သည်။ ဤမျိုးစိတ်တွင် ပါဝင်သည့် တောရိုင်းနွားများကို အရှေ့တောင်အာရှဒေသ၊ အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၊ ဘူတန်နိုင်ငံနှင့်မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတို့တွင် အများအားဖြင့် တွေ့ရှိနိုင်သည်။

ဤတောရိုင်းနွားမျိုးများတွင် ဘို့မရှိ၊ ဦးချိုအရင်း၌ပြားနေတတ်ပြီး နဖူးချိုင့်ဝင်နေသည်။ နှာဖျားတိုသည်။ လည်ဖတ်ချပ်၍နေပြီး ကျောကုန်းရိုးတစ်လျှောက်တွင် မို့မောက်၍ နေတတ်သည်။

ပြောင်၊ နွားနောက်နှင့်စိုင်တို့သည် မြက်နု၊ သစ်ရွက်စိမ်းအနု၊ နွယ်ပင်နှင့်ဝါးပင်များကို စားလေ့ရှိသည်။ မြေ၌ကပ်၍ ပေါက်သည့်အပင်များထက် အညွှန့်အဖျားများကိုသာ ရွေးချယ်စားလေ့ရှိသည်။ ကြမ်းတမ်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်သည်။

နွားနောက်သည် အမြင့်ပေ ၃၀၀၀ မှ ၁၀၀၀၀ အတွင်း နေထိုင်တတ်သည်။ အရိပ်ကောင်းပြီး ရေခိုးရေငွေ့များသော စားကျက်ကွင်း ပတ်ဝန်းကျင်တွင် နေထိုင်တတ်ကြသည်။ မြေပြန့်လွင်ပြင်ထက် တောရိပ်တောင်ရိပ်ကိုမှီပြီး တောင်စောင်းတောင်ကမ်းပါးတို့တွင် အုပ်စုဖွဲ့၍ ကျက်စားလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့် ကချင်ပြည်နယ်မြောက်ခြမ်းတို့တွင် တွေ့ရှိရသည်။ ၂၀၀၃-၂၀၀၄ ခုနှစ် စာရင်းအရ ကချင်ပြည်နယ် နောင်မွန်း၊ မချမ်းဘောနှင့် ခေါင်လံဖူးဒေသတို့၌ နွားနောက် ၉၃၈ ကောင်၊ ချင်းပြည်နယ်၌ ၃၂၄၉၁ ကောင်နှင့် စစ်ကိုင်းတိုင်း လေရှီးမြို့နယ်တွင် ၇၅၉ ကောင်ရှိသည်။

နွားနောက်၏ ဦးခေါင်းကို အရှေ့ဘက်မှကြည့်ပါက ခွက်နေပြီးတြိဂံပုံစံရှိသည်။ ဦးချိုမှာ အရင်းဘက်ပြား၍ တုတ်ခိုင်ပြီး ဘေးသို့ကားထွက်ကာ အဖျားပိုင်းသို့ သေးသွယ်သွားသည်။ ဦးချိုမှာ များသောအားဖြင့် အရောင် ဖျော့သော်လည်း နက်မှောင်သည့်နွားနောက်များတွင် အရောင်ရင့်သည့်ဦးချိုများ တွေ့ရတတ်သည်။ အမြီးမှာတိုတုတ်သော်လည်း အမြီးဖျားရှိ အမွေးများမှာ ခြေကျင်းဝတ်အထိရှည်လျား၍ ထူထဲနေတတ်သည်။ မျက်လုံးများမှာ ကြည်လင်၍ မျက်သားပြည့်သည်။ အမွေးရောင်မှာ မီးခိုးရင့်ရောင်၊ အဖြူရောင်၊ အနက်ရောင်၊ အနက်နှင့်အဖြူကွက်ကျားတို့ ဖြစ်သည်။ နွားနောက်အများစုမှာ မီးခိုးရင့်ရောင်ရှိပြီး ခြေဖျားတွင် အဖြူရောင် တွေ့ရှိရတတ်သည်။ မြန်မာနွားနှင့် အိန္ဒိယနွားများမှာကဲ့သို့ ဘို့မပါဘဲ ဘို့နေရာတွင် အရိုးစု (Dorsal Spine)သွယ်တန်း၍ ထိုးထောင်နေသည်။

နွားနောက်သည် မြန်မာနွားထက်အထီးရောအမပါ ပို၍ကြီးသည်။ ခြေတံလက်တံ တိုတုတ်ခိုင်မာသည်။ ပျမ်းမျှကိုယ်အလေးချိန် ပေါင် ၈၀၀မှ ပေါင် ၁၃၀၀၊ ပိဿာ ၂၂၀ မှ ပိဿာ ၃၆၀ အထိရှိပြီး ပျမ်းမျှအသား ပိဿာ ၈၀ မှ ၁၀၀ အထိ ထွက်ရှိသည်။ နွားထက်ကြီးထွားနှုန်းကောင်း၍ အရွယ်ရောက်စောသည်။ နွားနောက်ထီးများသည် အသက်တစ်နှစ်ခွဲနှင့် နှစ်နှစ်အကြားတွင် အရွယ်ရောက်ပြီးမျိုးအောင်သည်။ နွားနောက်မများသည်လည်း တစ်နှစ်ခွဲအရွယ်တွင် မိတ်လိုက်လေ့ရှိသည်။ နွားနောက်ထီးကြီးများသည် ခုနစ်နှစ်အရွယ်ထိသာ မိတ်လိုက်လေ့ရှိပြီး ခုနစ်နှစ်အထက်တွင် မိတ်လိုက်မှုစွမ်းရည်လျော့နည်းသွားပြီး သီးသန့်နေလေ့ရှိကြောင်း လေ့လာသိရှိရသည်။

နွားနောက်သည် သာမန်အားဖြင့် တစ်နှစ်လျှင် တစ်ကြိမ် သားမှန်မှန်ပေါက်လေ့ရှိသည်။ အမြွှာမွေးတတ်သည်။ မွေးခဲသည်။ နွားနောက်မသည် သာမန်အားဖြင့် ၁၀-၁၂သားအထိ မွေးနိုင်ပြီးနွားနောက်မ၏သက်တမ်းတွင် ၁၇ သားအထိမွေးဖွားတတ်ကြောင်း လေ့လာသိရှိရသည်။ နွားနောက်မ၏ ကျန်းမာရေးအပေါ်မူတည်၍ ၁၅နှစ်အထိ သားတင်နိုင်သည်။

နွားနောက်ငယ်သည်မွေးစတွင်ချေ(ဂျီ)ကဲ့သို့အနီရောင်အမွေးရှိသည်။ နောက်ပိုင်းတွင် အနီရောင်အမွေးပျောက်ပြီး တဖြည်းဖြည်းအနက်ရောင်သို့ ပြောင်းလဲသွားသည်။ နွားနောက်သားပေါက်ငယ်များသည် အကြမ်းခံပြီးရောဂါဖြင့်သေဆုံးခြင်းနည်းသည်။ ခွေးအနှင့် တောကောင်တို့၏ အန္တရာယ်သာ စိုးရိမ်ရသည်။ နွားနောက်မကြီးမှ နွားနောက်ငယ်အတွက် နို့လုံလောက်စွာထွက်သည်။ တစ်နေ့လျှင် နှစ်ကြိမ်ခန့်နို့တိုက်လေ့ရှိပြီး နွားနောက်ငယ် လေးလခန့်အရွယ်တွင် သားခွဲလေ့ရှိသည်။ သာမန်အားဖြင့် နွားနောက်မမှ နို့ညှစ်သည့် အလေ့အထ မရှိပါ။

နွားနောက်သည် ပေ ၃၀၀၀အထက်ရှိသည့် ချင်းပြည်နယ်၏ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည်။ သဘာဝပေါက်ပင်များကိုစား၍ ကြီးထွားလွယ်၊ အသားတိုးလွယ်ကြသည်။ အသက်တစ်နှစ် ပြည့်လျှင်ပင် ဈေးကွက်ဝင်၍ အသားအဖြစ်စားသုံးနိုင်သည့် အရွယ်ရောက်သည်။ နွားနောက် ငယ်ရွယ်စဉ် အသားတိုးနှုန်းမှာ အစာနှင့်၊ အစာစိမ်းပြည့်ဝစွာကျွေးမွေးသော နိုင်ငံခြားအသားစားနွားမျိုး၏ အသားတိုးကြီးထွားနှုန်းစံချိန်မီပါသည်။ သို့သော်လည်း ချင်းတောင်တွင် အများအားဖြင့် သုံး-လေးနှစ်အရွယ်တွင် အသားအဖြစ်ထုတ်၍ ရောင်းချလေ့ရှိပြီး ပိဿာ ၈၀မှ ၁၂၀ ခန့် ထွက်ရှိပါသည်။

ချင်းပြည်နယ်တွင် နွားနောက်ကို လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူလေ့ရှိကြသည်။ များသောအားဖြင့် ဇန်နဝါရီလမှစ၍ တောသို့လွှတ်လေ့ရှိပြီး မေလမှ ဒီဇင်ဘာလအထိ လှောင်ခြံအတွင်းထားလေ့ရှိသည်။ လှောင်ခြံ အကျယ်အဝန်းမှာ မြေရရှိမှုအနေအထားပေါ်မူတည်၍ နွားနောက်တစ်ကောင်လျှင် သုံးဧကမှ ငါးဧကအထိ ထားလေ့ရှိသည်။ လှောင်ခြံ ခြံစည်းရိုးကို ထင်းရှူးပင်များ အပင်လိုက်ခုတ်၍ ဂွတိုင်ပေါ်တွင် တန်းတင်ပြီး နွယ်ကြိုးဖြင့်ချည်၍ ပြုလုပ်လေ့ရှိသည်။ ခြံလှောင်ထားသော နွားနောက်များကို တစ်လလျှင်တစ်ကြိမ် တစ်ကောင်လျှင် လက်တစ်ဆုပ်ခန့် ဆားကျွေးလေ့ရှိသည်။ နွားနောက်များသည် ဆားကြိုက်နှစ်သက်ကြသည်။ လှောင်ခြံအတွင်း မွေးထားစဉ် ဆားလျက်လိုလျှင် ပိုင်ရှင်ထံသို့ လာရောက်တတ်ကြသည်။ နွားနောက်ခြံများကို လေး-ငါးနှစ်တစ်ကြိမ် နေရာပြောင်းလေ့ရှိသည်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ချင်းပြည်နယ် နွားနောက်မွေးမြူရေး

ချင်းတောင်တွင် မွေးဖက်စနစ်ဖြင့်လည်း နွားနောက်မွေးမြူတတ်ကြသည်။ ချင်းတောင်၏ နွားနောက်မွေးဖက်စနစ်မှာ မွေးဖက်ပေးထားသည့် နွားနောက်အုပ်စုရှိနွားနောက်မမှ ကလေးမွေးလျှင် ပထမဆုံးမွေးဖွားသည့် နွားနောက်ငယ်အား ထိန်းသူမှယူ၍ ဒုတိယသားကို ပိုင်ရှင်က ယူရသည်။ တတိယသားကို ပိုင်ရှင်နှင့် ထိန်းသိမ်းစောင့်ရှောက်သူ တစ်ဝက်စီယူရသည်။ ချင်းတောင်၏ မျှတသည့် ရိုးရာမွေးဖက်ဓလေ့သည်လည်း မြတ်နိုးဖွယ်ပင်ဖြစ်သည်။ ချင်းတောင်တွင် နွားနောက်ကို အမြတ်တနိုးထား၍ ထိန်းသိမ်းမွေးမြူကြသည်။ အိမ်ခြေ ၅၀ ရှိသည့် ရွာတစ်ရွာတွင် အိမ်ထောင်စု ၃၀ ခန့်က နွားနောက်မွေးမြူထားကြောင်း သိရှိရသည်။

နွားနောက်သည် သာမန်အားဖြင့် ရောဂါဖြစ်ပွားမှုနည်းပါးသည်။ သို့သော်လည်း လျှာနာခွာနာရောဂါ၊ ဒေါင့်သန်းနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ဖြစ်ပွားတတ်သည်။ သို့ဖြစ်၍ ခြံလှောင်မွေးသည့် ကာလများတွင် ကာကွယ်ဆေးထိုးနှံသင့်သည်။ ကာကွယ်ဆေး ထိုးထားခြင်းဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုကိုတားဆီးနိုင်ပါသည်။

နွားနောက်မွေးမြူရေးသည် ကယိကထနည်းပါးပြီး အစာကုန်ကျစရိတ် အနည်းဆုံးနှင့် အချိန်တိုအတွင်း အဖိုးတန်နွားနောက်သားကို ထုတ်လုပ်ပေးနိုင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဆားကျွေးရုံဖြင့် နွားနောက်များ ရှင်သန်ဖြစ်ထွန်းနိုင်သော်လည်း ပြောင်းဆန်ကိုရေစိမ်၍ ဆားဖြူးကျွေးခြင်းဖြင့် အသားတိုးနှုန်း ပိုမိုကောင်းမွန်စေသည်။နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေးတွင် ချင်းပြည်နယ်ရှိ ညီနောင်သွေးချင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေရန်လမ်းညွှန်မှာကြားခဲ့ပါသည်။ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနသည် ချင်းပြည်နယ်သို့ ၂၀၀၃ ခုနှစ် စက်တင်ဘာလမှစ၍ ငွေကျပ်သိန်း ၁၁၀၀မွေးမြူရေး ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ပြီး နွားနောက် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှလည်း နွားနောက်များ ကူးစက်ရောဂါ မဖြစ်ပွားရေးအတွက် ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန် ကျန်းမာရေးအသိရှိစေရန် ဟောပြောခြင်း၊ ဆွေးနွေး ခြင်း၊ ပညာပေးခြင်းနှင့် တိရစ္ဆာန်များ နာမကျန်းဖြစ်ပါက ကွင်းဆင်း၍ ဆေးဝါး ကုသခြင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် နွားနောက်မွေးမြူထားသည့် ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းနှင့် နွားနောက်ကောင်ရေ တိုးတက် ပွားများအောင် မွေးမြူသူများအား ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနေ့တွင် **"နွားနောက်မွေးမြူမှုထူးချွန်ဆု"**များ ပေးအပ်ချီးမြှင့်ခြင်းတို့ဖြင့် နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းအပြင် **ချင်းပြည်နယ်၏ နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံတိုင်းရင်းသားများ၏ တင်ပြမှုတို့ကြောင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် နွားနောက်မွေးမြူရေး တိုးချဲ့ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဆင့် ငွေကျပ် သိန်း ၁၅၀၀ ချေးပေးခဲ့ပါသည်။ အလားတူပင် စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်တွင်လည်း နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေကျပ် သိန်း၁၂၀ချေးပေးခဲ့ပါသည်။**

သို့ဖြစ်၍ ၂၀၀၃-၂၀၀၄ခုနှစ်က မြန်မာတစ်နိုင်ငံလုံးတွင် နွားနောက်ကောင်ရေ ၃၄၁၈၈ကောင်သာ ရှိခဲ့ရာမှ ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် ချင်းပြည်နယ်၌ နွားနောက်ကောင်ရေ ၅၀၉၈၈ ကောင်၊ ကချင်ပြည်နယ်၌ ၁၀၂၄ကောင်နှင့် စစ်ကိုင်းတိုင်း၌ ၉၆၉ ကောင် စုစုပေါင်း ၅၂၉၈၁ ကောင်အထိ တိုးတက်မွေးမြူလာနိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ညီနောင်ရင်းဖွား ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်ရေးနှင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားငါးကဏ္ဍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်နေမှုအား မှတ်တမ်းပြုတင်ပြအပ်ပါသည်။ ။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(တိ-ကျန်း-ဖွံ့)နှင့်အဖွဲ့ နွားနောက်များအား ကြည့်ရှုစစ်ဆေးနေစဉ်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အနာဂတ်ကမ္ဘာလေး**
- **၁:၅၀** ၆။ အမျိုးသားရေးတေးကဗျာ
- **၁:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၂:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၄:၄၅** ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- **၄:၅၀** ၇။ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (အင်္ဂလိပ်စာ)
- **၅:၂၀** ၈။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ အမျိုးသားရေးတေးကဗျာ
- **၆:၂၅** ၁၂။ အုံ့ညိဖွယ်ရာဆပ်ကပ်ပညာ
- **၆:၄၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၃၇)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **FA Cup ဘောလုံးပွဲ PRESTON & PORTSMOUTH**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ပါ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-အောင်အောင်

မိုးရာသီကုန်ဆုံးသည်နှင့် ပြည်သူအများ သတိပြုရမည့် အန္တရာယ်တစ်ခုမှာ မီးဘေးအန္တရာယ်ပင် ဖြစ်ပါသည်။ ပူပြင်းခြောက်သွေ့သော ကာလများတွင် မီးလောင်မှု ပိုများသည်။ မီးလောင်ကျွမ်းနိုင်ရန် လုံလောက်သောလောင်စာ၊ အောက်ဆီဂျင်နှင့် အပူစွမ်းအားတို့ ပေါင်းဆုံရန် လိုအပ်သည်။

လောင်ကျွမ်းသော လောင်စာအပေါ် မူတည်ကာ ဖြစ်ပေါ်လာသော မီးကို အမျိုးအစားခွဲခြားကြသည်-

- **သာမန် မီးလောင်မှုဖြစ်ပွားခြင်း၊**
- **စားသုံးဆီနှင့် လောင်စာဆီအမျိုးမျိုးကြောင့် မီးလောင်မှု ဖြစ်ပွားခြင်း၊**
- **ဂက်(စ်)ဓာတ်ငွေ့ကြောင့် မီးလောင်မှုဖြစ်ပွားခြင်း၊**
- **ဆိုဒီယမ်၊ လစ်သီယမ်၊ တိုက်တေနီယမ်၊ မဂ္ဂနီဆီယမ်စသော ဓာတုပစ္စည်းများကြောင့် မီးလောင်မှု ဖြစ်ပွားခြင်း၊**
- **လျှပ်စစ်ဝါယာကြိုး ရှော့(ခ်)ဖြစ်ခြင်းကြောင့် မီးလောင်မှု ဖြစ်ပွားခြင်း၊**
- **အဆီများကြောင့် မီးလောင်မှုဖြစ်ပွားခြင်း** စသည်တို့ဖြစ်သည်။

ပေါက်ကွဲမှုဖြစ်စဉ်များမှလွဲ၍ မီးလောင်ကျွမ်းမှုများသည် သေးငယ်သည့်ပမာဏမှ စတင်စမြဲဖြစ်သည်။ သေးငယ်သည့် မီးလောင်ကျွမ်းမှုကို အချိန်မီ ငြိမ်းသတ်ရန်မှာ ပထမဦးဆုံး တွေ့မြင်သူတွင် တာဝန်ရှိသည်။ လွယ်ကူလျင်မြန်စွာ ငြိမ်းသတ်နိုင်ဖို့ မီးသတ်ဆေးဘူး အသင့်ရှိနေရန် လိုအပ်ကြောင်းလည်း သတိထားမိသည်။

မီးလောင်ကျွမ်းစတွင် အလွယ်တကူ အလျင်အမြန် ငြိမ်းသတ်နိုင်သည်မှာ မီးသတ်ဆေးဘူးဖြစ်သည်။ မီးသတ်ဆေးဘူးသည် လောင်ကျွမ်းနေသော ပစ္စည်းကို အေးလာစေပြီး သို့မဟုတ် ပတ်ဝန်းကျင်ရှိ အောက်ဆီဂျင်ကို ဖယ်ရှားပေးပြီး မီးကိုငြိမ်းစေအောင် စီမံထားသော ပစ္စည်းဖြစ်သည်။

လောင်ကျွမ်းသောမီးကို အမျိုးအစားခွဲခြားနိုင်သကဲ့သို့ အဆိုပါမီးအမျိုးအစား တစ်ခုချင်းကို ငြိမ်းသတ်နိုင်သည့် မီးသတ်ဆေးဘူး အမျိုးအစားများလည်း ရှိသေးကြောင်း လသာမြို့နယ်၊ ၂၄ လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာသီဟကုမ္ပဏီလီမိတက်မှ မန်နေဂျာ ကိုကျော်ဇောဟန်က ရှင်းလင်းပြောပြသည်။

မြန်မာသီဟကုမ္ပဏီသည် မီးလောင်ကျွမ်းမှုကို တားဆီးကာကွယ်ရေးနှင့် မီးဘေးအန္တရာယ်၏ ဆိုးကျိုးကို ပြည်သူများအား အသိပညာပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။

မီးကိုပိုင်နိုင်ကျွမ်းကျင်စွာ စနစ်တကျသုံးစွဲပါက တန်ဖိုးရှိ၍ အကျိုးစီးပွား တိုးတက်ဖွံ့ဖြိုးသည်။ ပေါ့ပေါ့ဆဆ အသုံးပြုပါက မိမိနှင့် မိမိပတ်ဝန်းကျင်၏ဘဝကို ပျက်စီးဆုံးရှုံးစေသည်။ မီးကို စနစ်တကျ အသုံးချသည်ထက် ပေါ့ပေါ့တန်တန် သဘောထားနေသေးကြောင်း မီးလောင်ကျွမ်းမှုများက ညွှန်းဆိုနေသည်။ နှစ်စဉ် ပေါ့ဆမှုကြောင့် လောင်ကျွမ်းသော မီးအရေအတွက် များပြားနေခြင်းက သာဓကပြနေသည်။

မီးသတိပြုပါ။ မီးမပေါ့ဆနှင့်။ မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။ မီးဘေးရှောင် မလောင်ခင်တား စသည့်ဆောင်ပုဒ်များဖြင့် ပြည်သူကို အသိပညာပေးနေရသည်။ မီးသတ်ဆေးဘူး တစ်ဘူး၏ စွမ်းဆောင်နိုင်မှု၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးလောင်မှုပမာဏ သေးငယ်စဉ်အချိန်က ငြိမ်းသတ်ခြင်းဖြင့် မီးကြီးများ လောင်ကျွမ်းမှုကို တားဆီးနိုင်ပုံများ အသိပညာပေးခြင်းက ပိုမိုထိရောက်နိုင်မည် ဖြစ်သည်။

မီးသတ်ဆေးဘူးများတွင် ရေမီးသတ်ဆေးဘူး၊ ကာဗွန်ဒိုင်အောက်ဆိုဒ် မီးသတ်ဆေးဘူး (CO_2 Type)၊ ပေါင်ဒါမှုန့် မီးသတ်ဆေးဘူး (Dry Powder Type)နှင့် တွန်းလှည်းမီးသတ်ဆေးဘူးကို (Trolley Type) ဟူ၍ ရှိသေးကြောင်း မြန်မာသီဟကုမ္ပဏီတွင် လေ့လာတွေ့ရှိရသည်။

Trolley Type **မီးသတ်ဆေးဘူးကြီးများ။**

ရေမီးသတ်ဆေးဘူးသည် သာမန်မီးလောင်မှု ဖြစ်ပွားခြင်းတွင် ငြိမ်းသတ်ရန် အသုံးပြုနိုင်သည်။ သို့သော် အဆီများ၊ ဝါယာရှော့(ခ်)နှင့် သတ္တုများလောင်ကျွမ်းမှုတွင် မသုံးစွဲသင့်။ သုံးစွဲပါက မီးမှာပျံ့နှံ့ပြီး မီးတောက် ကြီးလာနိုင်ကြောင်း သိရသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ် မီးသတ်ဆေးဘူး (CO_2 Type)မှာ အရာဝတ္ထုတို့အား မီးလောင်ကျွမ်းခြင်းကို အားမပေးသော ဓာတ်ငွေ့ဖြစ်သည်။ CO_2 ဓာတ်ငွေ့သည် ၁၅ ပေမှ ၂၅ ပေထိ လျင်မြန်စွာ ပျံ့နှံ့ပြီး မီးကိုငြိမ်းစေသည်။ CO_2 မီးသတ်ဆေးဘူးဖြင့် သာမန်မီးကို မငြိမ်းသတ်သင့်။ ဆေးဘူး၏ ပြင်းအားကြောင့် ပေါ့ပါးသော လောင်စာများ အဝေးသို့လွင့်စဉ်ကာ မီးကူးစက်ပျံ့နှံ့စေနိုင်၍ဖြစ်သည်။ ဆီမီး၊ ဂက်စ်မီးနှင့် ဝါယာရှော့(ခ်)မီး တို့ကိုသာ အသုံးပြုသင့်သည်။

ပေါင်ဒါမှုန့် မီးသတ်ဆေးဘူး (Dry Powder Type)သည် ဘက်စုံသုံး မီးသတ်ဆေးဘူးဖြစ်သည်။ အများဆုံးဖြစ်တတ်သော သာမန် မီးလောင်မှု၊ စားသုံးဆီနှင့် လောင်စာအမျိုးမျိုး မီးလောင်မှု၊ ဂက်စ်ဓာတ်ငွေ့ကြောင့် မီးလောင်မှု၊ လျှပ်စစ်ဝါယာကြိုး ရှော့ခ်ဖြစ်ခြင်းကြောင့် မီးလောင်မှုစသည်တို့ကို အလွယ်တကူ လျင်မြန်

Trolley Type **မီးသတ်ဆေးဘူးကြီးများ ထုတ်လုပ်နေစဉ်။**

ထိရောက်စွာ ငြိမ်းသတ်နိုင်သည်။ Dry Powder 1 kg ကို ကိုယ်ပိုင်ကားများ၊ တက္ကစီများ၊ ယာဉ်ငယ်များ၊ 2 kg သည်တိုက်ခန်းများ၊ နေအိမ်များ၊ ရုံးခန်းများ၊ မီနီဘတ်စ်များ၊ 3 kg, 4 kg, 5kg တို့သည် စက်ရုံအလုပ်ရုံများ၊ သိုလှောင်ရုံများ၊ စီးတီးဘတ်စ်များ၊ 6kg, 7kg, 8kg, 9kg တို့ကို ဆီသိုလှောင်ကန်များ၊ ဆီသယ်ရေယာဉ်များ၊ ရေနံတွင်းများ၊ စက်လှေများ၊ သင်္ဘောများ၊ အရက်ချက်စက်ရုံများတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

တွန်းလှည်း မီးသတ်ဆေးဘူး (Trolley Type)သည် ကြီးမားသော မီးလောင်ကျွမ်းမှုများကို ငြိမ်းသတ်ရန် ရည်ရွယ်သည်။ တွန်းလှည်းမီးသတ်ဆေးဘူးသည် ပိုက်ပါသည်။ ပိုက်သည် ၁၃ ပေ ရှည်သည်။ မီးသတ်ပိုက်ခေါင်းထိပ်မှ ပေ ၂၀ ခန့် အကွာအဝေးရှိမီးကို ငြိမ်းသတ်နိုင်သည်။ သစ်သားမီးဆိုပါက ငါးပေထုပတ်လည်နှင့် ဆီမီးဆိုပါက ၁၂ ပေ ပတ်လည် ငြိမ်းသတ်နိုင်သည်။

ကြီးမားသည့် မီးလောင်ကျွမ်းမှုမဖြစ်ပေါ်မီ သေးငယ်သည့် မီးလောင်ကျွမ်းမှုအဆင့်တွင် မီးကိုငြိမ်းသတ်နိုင်ရန် မီးသတ်ဆေးဘူးရှိထားရန် လိုသကဲ့သို့ မီးလောင်ကျွမ်းမှုဖြစ်ပေါ်နေကြောင်း အချက်ပေးသည့် မီးခိုးအာရုံခံကိရိယာလည်း ထားရှိသင့်ကြောင်း မန်နေဂျာ ကိုကျော်ဇောဟန်က ရှင်းပြသည်။

"မီးလောင်မှုတိုင်းမှာ ကြီးမားတဲ့မီးတောက် မဖြစ်ပေါ်မီ မီးခိုးကြိုတင်ထွက်ပါတယ်။ အန္တရာယ်ရှိနိုင်တဲ့ မီးခိုးပမာဏရရှိချိန်မှာ ဒီမီးခိုးအာရုံခံအချက်ပေးကိရိယာက အချက်ပေးမှာဖြစ်ပါတယ်။ ဒီအချက်ပေးသံကြောင့် မီးလောင်ကျွမ်းမှုနှင့် လောင်ကျွမ်းသည့်နေရာကို လျင်မြန်စွာသိပြီး မီးလောင်ကျွမ်းဆုံးရှုံးမှုအဖြစ်ဆိုးမှ ကင်းဝေးအောင် ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မြန်မာသီဟကုမ္ပဏီမှ Rain Flower အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးသည့် မီးသတ်ဆေးဘူးများအား သုံးနှစ်အာမခံချက်ပေးပြီး တပ်ဆင်လိုသည့်နေရာအရောက် တပ်ဆင်ပေးခြင်း၊ သုံးစွဲပြီး မီးသတ်ဆေးဘူးများအား ပြန်လည်ဖြည့်တင်းပေးခြင်း၊ မီးသတ်ဆေးဘူးများအား စစ်ဆေးနိုင်ရန် အခါအားလျော်စွာ အကြံပြုဆွေးနွေးပေးခြင်း စသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။ ။

Rain Flower အမှတ်တံဆိပ် မီးသတ်ဆေးဘူး အသုံးပြုပြီး သရုပ်ပြ ငြိမ်းသတ်နေစဉ်။

လပွတ္တာမြို့နယ် ရှင်စောမြတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် လပွတ္တာလုပ်တောင်ကျေးရွာအုပ်စု ဘုရားကြီးကုန်းကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဖူးမဝထူးခြားသည့်ရှင်စောမြတ်စေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဒါယကာ၊ဒါယိကာမ အလှူရှင်များ ထည့်ဝင်လှူဒါန်း တည်ဆောက်ထားသည့် လောင်းဝေသန်မင်္ဂလာဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲ၊ မင်္ဂလာကန်တော် ဝေသန္တရာတိုက်ကျောင်းတော်နှင့် သာသနိကအဆောက်အအုံများအား ရေစက်ချအလှူတော်မင်္ဂလာပွဲကို (၁၃၆၉ ခုနှစ် တပို့တွဲ လပြည့်ကျော် ၂ရက်မှ ၁၁ရက်ထိ) ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်ထိ ၁၀ ရက်တိုင်တိုင် အစဉ်အလာမပျက်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ အလှူရှင်အပေါင်းတို့နှင့်တကွ သူတော်စင်အားလုံး ကြွရောက်ကြည်ညိုကြပါရန်နှင့် ဖေဖော်ဝါရီ ၂၃ ရက်မွန်းတည့် ၁၂ နာရီတွင် လောင်းဝေသန်မင်္ဂလာဓမ္မ ဗိမာန်တော်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်၍ နဖူးစည်းစာတန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ခြင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် ဟသ်ာရုပ်စုံ မီးပုံးပျံများ လွှတ်တင်ခြင်း၊ မွန်းလွဲ ၂ နာရီတွင် ဆရာတော်များထံမှ ငါးပါးသီလခံယူခြင်းနှင့်ရေစက်ချအနုမောဒနာတရားနာယူခြင်း၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် တောင်ကြီးမြို့ စိန်နားပန်မီးပုံးပျံမီးရောင်စုံမီးရှူးမီးပန်းများ လွှတ်တင် ခြင်း၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများကို မိုးလုံလေလုံခြင်းလုံးရုံကြီး၌ ဖေဖော်ဝါရီ၁၅ရက်မှ ၁၉ရက်အထိ ကျင်းပလျက်ရှိရာ ခြင်းအလှခတ်ပွဲဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဦးစိန်လှိုင်က ခြင်းလုံးခတ်၍ ဖွင့်လှစ်ပေးစဉ်။ [ခြင်းအလှခတ်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ ခြင်း အဖွဲ့ပေါင်း ၁၄၀တို့က နေ့စဉ်နံနက် ၉နာရီမှ ည ၁၁ နာရီအထိ မင်္ဂလာဆိုင်းဝိုင်းဖြင့် ခြင်းအလှခတ် ပြသကြကြောင်းသိရသည်။] (ကြေးမုံ)

မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော် ရွှေစင်ရွှေပြား လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့် ဒုတိယအကြိမ် ရွှေစင်ရွှေပြားလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၀ရက်တွင် အဆိုပါစေတီတော်မြတ်ကြီးရှိ မွှာရုံ၌ ကျင်းပရာ ရွှေသင်္ကန်းကပ်လှူပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးရွှေရင်က ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲကို မတ်၂၁ရက် (တပေါင်းလပြည့်နေ့)တွင် ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင် မော်လမြိုင်မြို့နေ ဦးမင်းသိန်းနှင့်ဇနီး ဒေါက်တာသစ်သစ်လွင်မိသားစု၊ ဦးခင်အောင်နှင့်ဇနီး ဒေါ်အေးသန်း မိသားစု၊ ဒေါ်သန်းတင်မိသားစု၊ ဒေါ်တင်တင်လှမိသားစု (မိုးဆန်း လက်ဖက်ခြောက်)၊ ဦးအောင်လွင်နှင့် ဇနီး ဒေါ်ကျင်ပိုမိသားစု၊ ဦးဘန်ချွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ရီ (ဂျပန်စတိုး/စာအုပ်အရောင်းဆိုင်) မိသားစု၊ ဒေါ်ငြိမ်းသင်းမိသားစု၊ ဦးတင်အောင်နှင့်ဇနီး ဒေါ်မြင့်မြင့်အေး (အောင်စက်ပစ္စည်းအရောင်းဆိုင်) မိသားစု **(အပေါ်ဝဲပုံ)**တို့က ငွေကျပ် လေးသိန်းသုံးသောင်းတန်ဖိုးရှိ ရွှေစင်ရွှေပြားတစ်ချပ်စီနှင့် ဦးမောင်ငယ်(ခ) ဦးမြင့်သန်းနှင့်ဇနီး ဒေါ်မြလွင် (ကျော်အော့ဖ်ဆက်) မိသားစုတို့က ငွေကျပ် ၁၅သိန်းစုစုပေါင်းငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ရွှေစင်ရွှေပြား လှူဒါန်းလိုပါက ကျင်းပရေးကော်မတီရုံး ဖုန်း-၀၅၇-၂၄၆၈၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းနားလမ်း သန့်ရှင်းရေးဆောင်ရွက်

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့အား သာယာလှပသော မြို့တော်ဖြစ်စေရန် သန့်ရှင်းရေးလုပ်ငန်း စီမံချက်နှင့်အညီ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၂ရက်က ဒုဦးစီးမှူး (သန့်) ဦးသန်းဝင်း ကြီးကြပ်ကာ ဝန်ထမ်းများသည် ဧရာဝတီမြစ်ကမ်းနားလမ်း သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ကမ်းနားလမ်းဝဲ/ယာတစ်လျှောက် ချုံနွယ်များ မရှိစေရေး ရှင်းလင်းဆောင်ရွက်ခြင်း၊ လေလွင့်ပလတ်စတစ်များ မရှိစေရေး ရှင်းလင်းဆောင်ရွက်ခြင်း၊ ထွက်ရှိလာသောအမှိုက်များ သတ်မှတ်ရာနေရာသို့ ဌာနပိုင်အမှိုက်သိမ်းယာဉ်ဖြင့် စွန့်ပစ်ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ခံအရာရှိ(လ/ထ ညွှန်မှူး) ဦးဇော်မိုးက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပန်းချီပြခန်း ဖွင့်လှစ်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အရှေ့စမ်းချောင်းလမ်းနှင့် ရှင်စောပုလမ်းထောင့် တိုက် ၂/၄၊ ၂/B (ဒုတိယထပ်)ရှိ Snow Flake Art Gallery ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် (ကြာသပတေးနေ့)တွင် ပန်းချီဆရာကြီး၁၅ဦးတို့၏ လက်ရာပန်းချီကားများပြပွဲ (Spring Art Exhibition) ဖြင့် ဖွင့်လှစ်မည်ဖြစ်သည်။

ပန်းချီဆရာကြီးများဖြစ်ကြသည့် ဦးသောင်းဟန်၊ ဦးလွန်းဖေ၊ ဦးစောလှိုင်၊ လှတင်ထွန်း၊ ဦးကြည်ဝင်း၊ ဦးဇော်ဝင်း၊ ဝင်းမြင့်မိုး၊ မျိုးသန့်အောင်၊ စမ်းချောင်းကိုကိုအောင်၊ နေဝင်းအောင်၊ ဝင်းသိန်း၊ ဗဖုန်းအောင်၊ နေတင့်ဝေ၊ မင်းဟိန်းအောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်ပန်းချီကားများကို ပြသထားမည်ဖြစ်သည်။

Snow Flake Art Gallery ပြပွဲနှင့်ပတ်သက်၍ ဒေါ်နှင်းနှင်းဦး ဖုန်း-၀၉၈၀၆၁၈၇၊ ၀၉၅၀၄၃၀၈၂ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဖျာပုံမြို့နယ် ကျုံကဒွန်းရွာအဝင်လမ်း ကတ္တရာလမ်းသစ်နှင့် သမိန်ထော-ကနိကျေးရွာ တံတားဖွင့်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့်၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျုံကဒွန်းရွာအဝင်လမ်း ကတ္တရာလမ်းသစ်နှင့်သမိန်ထော-ကနိကျေးရွာ တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက်ရနာရီခွဲ တွင် အဆိုပါ လမ်းထိပ်မုခ်ဦး၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက် အင်ဂျင်နီယာ ဦးကျော်ခိုင်က ကတ္တရာလမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကျုံကဒွန်းရွာအဝင်လမ်း ကတ္တရာလမ်းမှာ အရှည် ၇၅၈ပေ၊ အကျယ် ၁၀ပေရှိပြီး သမိန်ထော-ကနိတံတားအရှည်မှာ ၁၀ပေ၊ အကျယ် ၁၂ပေဖြစ်ပြီး တံတားအမျိုးအစားမှာ ကွန်ကရစ်တံတားဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြားမှတ်တမ်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြားမှတ်တမ်းများ

ကမ္ဘာ့ အကြီးဆုံးတက္ကသိုလ်အဆောက်အအုံ

ကမ္ဘာပေါ်ရှိ တက္ကသိုလ်များအနက် အကြီးမားဆုံးသော တက္ကသိုလ်အဆောက်အအုံမှာ ရုရှားနိုင်ငံ မော်စကိုမြို့တောင်ဘက် လီနင်တောင်ကုန်းပေါ်ရှိ အမ်ဗွီလိုမိုနိုဆိုဗ် မော်စကိုတက္ကသိုလ် အဆောက်အအုံဖြစ်သည်။ အဆိုပါ တက္ကသိုလ်အဆောက်အအုံကြီးသည် ၇၈၇ဒသမ၅ပေမြင့်ပြီး အထပ်ပေါင်း ၃၂ထပ်ရှိကာ အခန်းပေါင်း၄၀၀၀၀ ပါဝင်သည်။ ၁၉၄၉ခုနှစ်မှ ၁၉၅၃ခုနှစ်အတွင်း တည်ဆောက်ခဲ့သောတက္ကသိုလ်ဖြစ်သည်။**(အပေါ်ပုံ)**

အမြန်ဆုံးနှုန်းဖြင့်လွှတ်တင်သည့် အာကာသယာဉ်

၂၀၀၆ခုနှစ် ဇန်နဝါရီ၁၉ရက်က အမေရိကန်နိုင်ငံဖလော်ရီဒါပြည်နယ် ကာနေဗာရယ်အင်္ဂူမှလွှတ်တင်ခဲ့သည့်နာဆာ၏ New Horizons အာကာသယာဉ်သည် လွှတ်တင်သမျှအာကာသယာဉ်များအနက် အမြန်ဆုံးနှုန်းဖြင့် လွှတ်တင်သော အာကာသယာဉ်အဖြစ် မှတ်တမ်းတင်ထားသည်။ အဆိုပါ အာကာသယာဉ်၏ အမြန်နှုန်းမှာ တစ်နာရီလျှင် မိုင်၃၆၂၅၀နှုန်းဖြစ်သည်။

အကြီးဆုံး အလှမွေးငါးကန်

ဂျာမနီနိုင်ငံဘာလင်မြို့ရှိ အလှမွေးငါးကန်သည် ကမ္ဘာပေါ်တွင် အကြီးဆုံး အလှမွေးငါးကန်အဖြစ်ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခြင်းခံရသည်။ အဆိုပါငါးကန်ကို၂၀၀၃ခုနှစ်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၈၂မီတာမြင့်သည့် ကွန်ကရစ်အောက်ခြေပေါ်တွင် တည်ဆောက်ထားကာ အလှမွေးငါးကန်၏ အမြင့်မှာ ၄၆ပေဖြစ်သည်။ ငါးကန်အချင်းမှာ ၃၈ပေဖြစ်သည်။ ငါးအမျိုးအစား၅၀ရှိပြီး စုစုပေါင်းငါးကောင်ရေ ၁၅၀၀ မွေးမြူပြသထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပထမဆုံးအမျိုးသမီး အာကာသခရီးသည်

စီးပွားရေးလုပ်ငန်းရှင် အီရန်နိုင်ငံသူ အနူးရှားအန်ဆာရီ**(ယာပုံ)**သည် ကမ္ဘာ့ပထမဆုံးအမျိုးသမီး အာကာသခရီးသည်အဖြစ် သမိုင်းမှတ်တမ်းတင်ခြင်းခံရသည်။ သူမသည် ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၈ရက်တွင်လွှတ်တင်ခဲ့သည့် ဆိုယုဇ်တီအမ်အေ-၉ အာကာသယာဉ်ဖြင့် အာကာသအတွေ့အကြုံ ရရှိရန် ဒေါ်လာသန်း၂၀ အကုန်အကျခံကာ လိုက်ပါသွားခဲ့ခြင်းဖြစ်သည်။

အက်ဖ်အေဖလား ပဥ္စမအဆင့်ပွဲစဉ်ကျင်းပ မန်ယူက အာဆင်နယ်ကို ဂိုးပြတ်အနိုင်ရ ချယ်လ်ဆီးနိုင်ပြီး လီဗာပူးက ဘန်စလေကိုရှုံး

လန်ဒန် ဖေဖော်ဝါရီ ၁၆

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ်ဖလား (FA Cup) ဘောလုံးပြိုင်ပွဲ ပဥ္စမအဆင့်ပွဲစဉ်များကို ယနေ့ကျင်းပရာ ချယ်လ်ဆီးက ဟက်ဒါဖီးကို ၃း၁ဖြင့် အနိုင်ရပြီး နာမည်ကြီး လီဗာပူးက ဘန်စလေကို ၂း၁ ဖြင့် ရှုံးသွားသည်။ မန်ယူနှင့် အာဆင်နယ်တို့ပွဲတွင် လူငယ်များ ပွဲထုတ်ပြီး လျင်လျင်မြန်မြန်ဖြင့် မိနစ် ၉၀ လုံးလုံး အတင်းဝင်အတင်းထွက် ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားသွားသော မန်ယူက ပြိုင်ဘက်အာဆင်နယ်ကို ၄း၀ ဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။ မန်ယူအတွက် အနိုင်ဂိုးကို ဖလက်ချာက နှစ်ဂိုး၊ ဝိန်းရွန်နေးနှင့် နာနီတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသည်။

အင်တာနက်

လမ်းတိုးချဲ့ဆောင်ရွက်မှုစစ်ဆေး

မော်လမြိုင်မြို့ ကမ်းနားလမ်း တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ဖေဖော်ဝါရီ ၁၀ ရက်က စစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် မြို့နယ်အမှုဆောင်အရာရှိ ဦးကျော်ဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (၃၀၇)

လမ်း၊တံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ကလေး–ကလေးဝလမ်းပေါ်ရှိ နေရဥ္စရာမြစ်အား ဖြတ်သန်းတည်ဆောက်ထားသည့် ဖောင်ကူးတံတားကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း၊ ပုသိမ်– မုံရွာ (မြောက်ပိုင်း) လမ်းပေါ်ရှိ မြောက်ယမားချောင်းတံတား တည်ဆောက်ရေးစီမံကိန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒဿနိကဗေဒ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဒဿနိကဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၁၅ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက တက္ကသိုလ်၊ ကောလိပ်များရှိ ဒဿနိကဗေဒဌာန ပါမောက္ခ/ဌာနမှူးများ၊ ဦးမြင့်ဆွေ ဖုန်း– ၇၂၃၁၅၇၊ ဦးကြည်ဝင်း ဖုန်း– ၀၉၉၉၂၃၈၂၀၊ ဦးဝဏ္ဏ ဖုန်း– ၅၇၉၂၄၄၊ ဦးသန်းအောင် ဖုန်း– ၇၂၃၇၂၄၊ ဦးခင်မောင်ချို ဖုန်း– ၅၀၂၄၃၂၊ ဦးပိုင် ဖုန်း– ၆၄၀၈၆၁၊ ဦးကျော်မြင့် ဖုန်း– ၃၈၄၇၅၀ နှင့် ဦးသက်ဟန် ဖုန်း–၂၄၁၁၅၁/၅၂ တို့သို့ ဆက်သွယ်နိုင်သည်။ (က–ပ)

မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း လူသွားစင်္ကြံများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ကော်မတီဝင် ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပိုမိုအဆင့်မြင့် တိုးတက်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ မြို့တော်ဝန်သည် ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ဆိပ်ကမ်းသာလမ်းဆုံသို့ ရောက်ရှိပြီး ကျောက်တံတားမြို့နယ် ၃၉ လမ်းမှ ပန်းဆိုးတန်းလမ်းအထိ အနော်ရထာလမ်း လူသွားစင်္ကြံများအား ကွန်ကရစ် အခင်းသစ်များ ခင်းကျင်းပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ မြို့တော်ဝန်သည် လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် ကမ်းနားလမ်းဆုံသို့ သွားရောက်၍ လမ်းသစ်လမ်း မြစ်ထွက်ပေါက် ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အရှည် ၇၄ပေ၊ အကျယ် သုံးပေနှင့် အနက် သုံးပေရှိ မဟာဗန္ဓုလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း (Box Culvert) ပြုလုပ်နေမှု ကိုလည်းကောင်း၊ ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းမှ ပြည်လမ်းအထိ အင်းယားလမ်း လူသွားစင်္ကြံအရှေ့ဘက်ခြမ်းအား ကွန်ကရစ်အခင်းသစ် ခင်းကျင်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား ရေရှည်ခိုင်မြဲရေး၊ စနစ်တကျဆောင်ရွက်ထိန်းသိမ်းရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကျောက်တံတားမြို့နယ် အနော်ရထာလမ်း လူသွားစင်္ကြံများအား ကွန်ကရစ်အခင်းသစ်များ ခင်းကျင်းပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရေဝတီတိုင်း ဓမ္မာရုံ၌ကျင်းပမည် ဖြစ်သည်။

အသက် (၇၅)နှစ်အထက် အသင်းဝင် သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သည့် ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များ ဂုဏ်ပြုပွဲနှင့် ၂၀၀၆–၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော အသင်းဝင် သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲများပါဝင် ဆောင်ရွက်မည်ဖြစ်ပါ၍ အမည်၊ အထောက်အထား စသည်တို့ကို အသင်းဥက္ကဋ္ဌ ဦးမောင်ညိမ်း ဖုန်း– ၆၆၇၁၃၃၊ ဒုဥက္ကဋ္ဌ ဦးကျော်မြင့် ဖုန်း– ၂၆၉၂၀၁၊ အတွင်းရေးမှူး ဦးကျော်ရင် ဖုန်း–၅၆၀၅၂၀၊ ဘဏ္ဍာရေးမှူး ဦးအောင်ဆန်း ဖုန်း–၅၅၃၄၃၅၊ အသင်းရုံး ဖုန်း– ၅၀၁၅၁၈ နှင့် နီးစပ်ရာ အမှုဆောင်များထံသို့ ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (က–ပ)

ညောင်လေးပင်မြို့နယ် ငှက်ပျောတော–ဇီးကုန်းကြီးလမ်း ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ သွားလာရေးလွယ်ကူစေရန်အတွက် ကျေးလက်လမ်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ငှက်ပျောတော–ဇီးကုန်းကြီးလမ်း ဂဝံခင်းခြင်းလုပ်ငန်းကိုအမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ–၂ ဦးမြင့်ဇော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ (မြို့နယ်စည်ပင်)

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား (၃၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် ပျော်ပွဲရွှင်ပွဲကျင်းပရေးကော်မတီမှ ဖေဖော်ဝါရီ ၁၀ရက်က မြန်မာ့ရိုးရာခြင်းအလှခတ်ပြဖျော်ဖြေသည့် ရန်ကုန်ဒိုးကလေး(မကွေး) တင်တင်လင်း၊ စက်မှု(၁) အမျိုးသမီး တံခွန်စိုက်ဆုရှင်နှင့် အဖွဲ့အား ဂေါပကအဖွဲ့ဝင် ဦးဘုန်းမြင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄)

ရုပ်ရှင်အနုပညာနှင့် အတတ်ပညာ သင်တန်းသားများအား ပညာသင်ဆု ချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်အနုပညာနှင့် အတတ်ပညာ သင်တန်းများကို မတ်လဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားသည်။

တစ်ပြိုင်တည်းလျှောက်ထား

အဆိုပါ သင်တန်းသို့ တက်ရောက်လိုသော်လည်း ငွေကြေး မပြည့်စုံ၍ လျှောက်ထားရန် အခက်အခဲရှိသော ရုပ်ရှင်ဝါသနာရှင် လူငယ်မောင်မယ် ၁၀ဦးကိုရွေးချယ်၍ ပညာသင်ဆုများကို ရွှေပုပ္ပား ဦးအုံးခိုင်က ပေးအပ်မည်ဖြစ်ပြီး သင်တန်းအတွက် ကုန်ကျစရိတ်များကိုပါ ကူညီထောက်ပံ့သွားမည် ဖြစ်သည်။ လျှောက်ထားသူများသည် ရုပ်ရှင်အစည်းအရုံးသို့ လျှောက်ထားခြင်းနှင့်အတူ ပညာသင်ဆုကိုပါ တစ်ပြိုင်တည်း လျှောက်ထားရမည် ဖြစ်သည်။

လူကိုယ်တိုင်

ပညာသင်ဆု လျှောက်ထားလိုသူများသည် ဦးအုံးခိုင် (ရွှေပုပ္ပား) စကားဝါခန်းမ အမှတ်(၂) မိုးကောင်းလမ်း ရန်ကင်းမြို့နယ်သို့ ဖေဖော်ဝါရီ ၂၉ရက်နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားရမည် ဖြစ်သည်။

ပညာသင်ဆုရွေးချယ်မှုကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး(ငြိမ်း) ဦးအောင်ကြည် (စာရေးဆရာ အောင်ကြည်ညွန့်–တက္ကသိုလ်) ဦးဆောင်သော ရွေးချယ်ရေးအဖွဲ့က စိစစ်ရွေးချယ်ပြီး သက်ဆိုင်ရာသို့ ငွေကြေးပေးသွင်း ထောက်ပံ့သွားမည်ဖြစ်သည်။

အမှတ်တရ

ရွှေပုပ္ပား ဦးအုံးခိုင်သည် ငါးထပ်ဆင့် အကယ်ဒမီ မောင်တင်ဦး စုစည်းဖန်တီးသည့် "အနုပညာနှလုံးအိမ်" ရုပ်ရှင်အခြေခံ သင်တန်းကိုလည်း အမိုက်ပံ့ပိုးလျက်ရှိသည်။ (ကြေးမုံ)

သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ရင်းရုံးမှ အရန်မီးသတ် ဒုတပ်ရင်းမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ငမိုးရိပ်ရပ်ကွက် ဥက္ကဋ္ဌ ဦးအေးသန်းနှင့် အဖွဲ့ဝင်များ ပူးပေါင်းပါဝင်သော အဖွဲ့သည် ငမိုးရိပ်ရပ်ကွက် နေအိမ်များနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ ထားရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇–၂–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ရင်းငြိမ်ရေထိန်းတံခါး
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say It In English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၁:၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၅ ၅။ **ရသစုံလင်ပြုံးပျော်ရွှင် မြန်မာ့ရုပ်မြင်အစီအစဉ် (ခန့်စည်သူ၊ ထူးသာ၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ ရတနာ၊ ဖြိုးဖြိုး၊ လုလု၊ ဆင်မ၊ ပွင့်၊ ကောင်းစံ၊ ရှက်တယ်၊ နေဦးလွင်၊ ရီတ)**
၁:၄၅ ၆။ တေးဂီတအစီအစဉ်
၂:၀၀ ၇။ အတီးပြိုင်ပွဲ
၂:၁၅ ၈။ **"ရေမြင့်––ကြာတင့်" (ခန့်စည်သူ၊ ရော၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဝှမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)**
၂:၃၀ ၉။ ရှမ်းပြည်နယ် အရှေ့ပိုင်း နမ့်မွေတံတား
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဘာသာရပ်သင်ခန်းစာ (အင်္ဂလိပ်ဘာသာရပ်)
၅:၀၅ ၅။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၆။ ညနေခင်းသတင်း
၆:၃၀ ၇။ မိုးလေဝသအခြေအနေ
၆:၃၅ ၈။ **"အား–––နာတယ်" (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရော၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ–ဖုန်းမြင့်အောင်)**
၆:၅၀ ၉။ လူငယ်များဆင်နွှဲ ဖုန်ရင်ရေခဲတောင်အောင်ပွဲ
၇:၀၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူအားမာန်" (အပိုင်း–၁၄)**
၈:၀၀ ၁၁။ ပြည်တွင်းသတင်း
၁၂။ နိုင်ငံတကာသတင်းများ
၁၃။ မိုးလေဝသအခြေအနေ
၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း–၂)**
၁၅။ နောက်တစ်နေ့အစီအစဉ်
၁၆။ အစီအစဉ်ပြီး၏။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ကျင်းပ ပြည်ထောင်စုနေ့ အထိမ်းအမှတ် သစ်သီးဝလံ ပန်းမန်ပြပွဲ ပြိုင်ပွဲဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

၂၀၀၈ ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ ကန်သာယာကွင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အထူးဈေးရောင်းပွဲတော်ကို အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီး ဝင်းနောင်နှင့် တိုင်းအတွင်း ရေးမှူး ဦးကျော်စန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက မုခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အရောင်းပြခန်းများအလိုက် ရောင်းချသည့် ပစ္စည်းများအား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် သစ်သီးဝလံ၊ ပန်းမန်ပြပွဲ ပြိုင်ပွဲ ဖွင့်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ပြပွဲပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ပြိုင်ပွဲဝင်သီးနှံနှင့် သစ်သီးဝလံများ၊ ပန်းအလှပင်များ၊ ပရဆေးပင်များ၊ ခြံစည်းရိုး ကြက်ဆူ ပညာပေးပြကွက်၊ မြေဆွေး အသုံးချပြကွက်၊ တီကောင် စွန့်ပစ်သဘာဝမြေသြဇာထုတ်လုပ်မှု ပြကွက်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြခန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ အရောင်းပြခန်းများအား ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့ အထူးဈေးရောင်းပွဲတော်တွင် ပြိုင်ပွဲဝင်သီးနှံနှင့် သစ်သီးဝလံများ၊ ပန်းအလှပင်များ၊ ပရဆေးပင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြခန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် အရောင်းပြခန်းများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဓမ္မဗိမာန်တော်ကြီး ဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာရှိ တိက္ခာရာမ မူလကျောင်းတိုက် ဆရာတော် ဦးဥတ္တမ ဦးဆောင်ကာ အလှူဒါယကာ၊ ဒါယိကာမများ စုပေါင်းပြီး လှူဒါန်းဆောက်လုပ်နေသည့် ဓမ္မဗိမာန်တော်ကြီးသည် ယခုအခါ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ရာ ကျန်ရှိနေသည့် အချောသတ်လုပ်ငန်းများအတွက်ရပ်ဝေးရပ်နီးမှ လှူဒါန်းမည့် အလှူဒါယကာ၊ ဒါယိကာမအပေါင်းအနေဖြင့် ဓမ္မဗိမာန်တော်ကြီး ဖြစ်မြောက်ရေး နာယက ဆရာတော် ဦးဥတ္တမ ဖုန်း-၀၅၂-၀၅၀၄၈၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

တောင်ဥက္ကလာပ မြို့နယ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ စတုတ္ထတန်းမှ ဘက်စုံထူးချွန်ဆု ပထမရရှိသော မဇင်ဇင်မေထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ညို ဆုချီးမြှင့်စဉ်။

(ပညာရေး)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ရက်နံနက် ၁၀နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာ ရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားသည်။

(အောက်ဝဲပုံ)

လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသော ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များက မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကို မတ်လမကုန်မီ ကျင်းပရေး၊ နှစ်ပတ်လည် အထိမ်းအမှတ်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ညစာ စားပွဲကျင်းပရေး၊ ဟိုတယ်ဇုန်(၁၀)ဇုန်မှ ဂုဏ်ပြုထိုက်သူများ ဂုဏ်ပြုရေး၊ နိုင်ငံတကာအဆင့်ဆုရဟိုတယ်များဂုဏ်ပြုရေး၊ ရှင် ၂၀၀၀ အထိမ်းအမှတ်ဓာတ်ပုံပြိုင်ပွဲ တွင် ဆုရသူများအား အဆိုပါ နှစ်ပတ်လည် အခမ်းအနား၌ ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုချီးမြှင့်ရေးတို့ကို စနစ်တကျဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပြီး မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (က-ပ)

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်) ဆရာတော်ကြီးများအား ပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နတ်မောက်မြို့နယ်အသင်း (ရန်ကုန်)၏ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးငါးပါးနှင့် ရန်ကုန်မြို့ရှိနတ်မောက်နယ်ဖွား ကျောင်းထိုင်ဆရာတော်ကြီးများအား ပူဇော်ပွဲကို ဖေဖော်ဝါရီ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ နိုင်ငံတော်သာခုပရိယတ္တိစာသင်တိုက် ဓမ္မာရုံကြီး၌ကျင်းပပြီး တက္ကသိုလ်ဝင်စာမေးပွဲအောင် သား၊ သမီးများအား ဂုဏ်ပြုပွဲကျင်းပမည်ဖြစ်ရာ နတ်မောက်မြို့နယ်အသင်းသူ၊ အသင်းသားများနှင့် အသင်းဝင်မဟုတ်သော မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက် လှူဒါန်းပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

ရေနံချောင်းမြို့ အမှတ် (၁) အထကတွင် ဆရာတော် အရှင်ဆန္ဒာဓိကမတည်လှူဒါန်း ဆောက်လုပ်သော ရွှေပါရမီကျောင်းဆောင်သစ်အတွက် အောင်ပန်းမြို့မှ ဦးရဲမြင့်သိန်း(ခ)ဦးပိုက် မိသားစုက ငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ကပ္ပတိန် ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် စာချ၊ စာသင် သံဃာတော် အရှင်သူမြတ် ၃၅၁ပါးကို ကမ္ဘာအေး မိုးကုတ်ဆွမ်းစားဆောင်၌ ဖေဖော်ဝါရီ ၂ရက်က မရမ်းကုန်းမြို့နယ် ကုန်းမြင့်သာယာနေ သီရိသုဓမ္မဇောတိဓဇ ဦးမြင့်စိုး မွေးနေ့အလှူအဖြစ် နေ့ဆွမ်းဆက်ကပ်ရာ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တမနှင့် သံဃာတော်များအား ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီးမရတနာစိုး မိသားစုက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။ (၆၁)

ကျောင်းဆောင်သစ်ဆောက်လုပ်ရန်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် အသောကဓမ္မရိပ်သာကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဆရာတော် ဦးဝေပုလ္လထံ မောင်ချမ်းငြိမ်းကျော်- မခိုင်နှင်းဝေ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)**(အပေါ်ပုံ)** တို့က အလှူတော်ငွေ ကျပ်နှစ်သိန်းခွဲ၊ ဦးဇော်မင်းချို- ဒေါ်မြရင်မိသားစု ဗိုလ်တထောင်မြို့နယ်က အလှူငွေ ကျပ်နှစ်သိန်း၊ ဦးမောင်မောင်အေး-ဒေါ်ခင်အေးဝင်း မိသားစု လှိုင်သီရိအိမ်ရာ လှိုင်မြို့နယ်က အလှူငွေ ကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းကြသည်။

ဆက်သွယ်လှူဒါန်း

ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် လှူဒါန်းလိုသူများသည် ဖုန်း-၅၅၉၄၇၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စမ်းချောင်းမြို့နယ်မဟာမြိုင်လမ်းနေ ဦးမြင့်ဌေး (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး)-ဒေါ်သန္တာကျော်၊ သား၊ သမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်တွင် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအပါအဝင် ပင့်သံဃာအရှင်သူမြတ် ၄၅ ပါးတို့အား ဖေဖော်ဝါရီ ၂၁ ရက် နံနက်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ အလှူရှင်များသည် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဖုန်း-၆၄၄၈၅၇နှင့်ရုံးအဖွဲ့ ဖုန်း-၆၄၄၈၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုပ္ပားစကားဝါမြေ ဆရာတော်၏ တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်၏ နာယက၊ စာချ သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာ၏ ဗုဒ္ဓပူဇနိယပွဲတော် ဖေဖော်ဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ပန်းတနော်မြို့နယ် ဆင်ချောင်းကျေးရွာ၏ အာစရိယပူဇော်ပွဲ၊ ဖေဖော်ဝါရီ ၂၄ ရက်တွင် ညောင်တုန်းမြို့၏ စာတော်ပြန်ပွဲ၊ မတ် ၂ ရက်တွင် စမ်းချောင်းမြို့နယ် ရန်ကင်း ရန်ရှင်းလမ်း၏ ဓမ္မပူဇာပွဲ၊ မတ် ၄ ရက်တွင် လှိုင်မြို့နယ် (၁၀)ရပ်ကွက်ရှိ ကိုးတွင်းကျောင်းတိုက်၏ ဓမ္မပူဇာပွဲနှင့် မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မော်လမြိုင်ကျွန်းမြို့ရှိ ကမ်းနားကျောင်းတိုက်၏ စာတော်ပြန်ပွဲတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

ရှင်သီဝလိရုပ်တုတော်ထုလုပ်ပူဇော်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် အနောက်ဘက်မုခ် (၇) ရပ်ကွက် တန်ဆောင်းတွင် ထုလုပ်ပူဇော်သော ရှင်သီဝလိ ရုပ်တုတော်ဖွင့်ပွဲနှင့် ဂေါပကအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၆ နာရီက (၇)ရပ်ကွက် တန်ဆောင်း၌ ကျင်းပရာ အလှူရှင်များကိုယ်စား ဦးဝင်းကြည်က ဂေါပကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကိုရည်သို့ လွှဲပြောင်းပေးအပ်သည်။

(အောက်ပုံ)

ရှင်သီဝလိရုပ်တုတော်မှာ အမြင့်ကိုးပေရှိပြီး နှစ်ဖက်သောမိဘများကို အမှူးထား၍ မောင်ယဉ်ထွေး-မယုယုကြည်၊ သမီး ခင်စုဟန် (ရတနာသိန်းထိုက် အောင်ထီဆိုင်) ဗိုလ်ချုပ်လမ်း ဘုရင့်နောင်ရပ်ကွက် ကော့သောင်းမြို့က လှူဒါန်းခြင်းဖြစ်ပြီး ပန်းပုပညာရှင် ဦးဇော်ဝင်း (အင်းဝ)နှင့် အဖွဲ့က ထုလုပ်ပူဇော်ဖြစ်ကြောင်း သိရသည်။ (က-ပ)

သုံးပါးသရဏဂုံ ရန်မျိုးလုံစေတီတော် ထီးတော်တင်လှူမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဧရာဝတီတိုင်း ငပုတောမြို့နယ် ပြင်ခရိုင်ဒီဒူးကုန်းရွာတွင် မြောင်းမြမြို့ မြစိမ်းကျောင်း ဆရာတော်ကြီး တည်ထားကိုးကွယ်ခဲ့သည့် သုံးပါးသရဏဂုံ ရန်မျိုးလုံစေတီတော်မြတ်ကြီးမှာ ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းလာသည့်အတွက် ဒီဒူးကုန်းထူပါရုံကျောင်း ဆရာတော် ဘဒ္ဒန္တ ကောသလ္လနှင့် ဆရာကြီး ဦးအုံးကြည်တို့ဦးဆောင်၍ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် ဘောဂလမ်း အမှတ် (၆၈/၇၀)နေ ဘုရားဒါယကာ ဦးဝင်း၊ ဘုရားဒါယိကာမ ဒေါ်သိန်းနှင့် ဆွေတော်မျိုးတော်များကောင်းမှုအဖြစ် ပြန်လည်ပြုပြင်၍ ၁၃၆၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက် (မတ် ၁ ရက်) စနေနေ့ နံနက် ၉နာရီတွင် ရွှေထီးတော်သစ်ကြီး တင်လှူပူဇော်မည်ဖြစ်ရာ ကြွရောက်ကုသိုလ်ယူနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (၅၄၆)

ပီတိနှလုံးရွှင်ကြည်ပြုံးစေခဲ့ရသော မြတ်ဆရာပူဇော်ပွဲ

သတင်း၊ ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

"ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ"

(၃၈)ဖြာမင်္ဂလာတရားတော်တွင် ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာတစ်ပါးဟု ပါရှိပါသည်။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတည်းဟူသော ငါးဖြာအနန္တတွင် တစ်ပါးအပါအဝင်ဖြစ်သော ဆရာများအားပူဇော်ခြင်းသည် မွန်မြတ်သော မင်္ဂလာမည်ပါသည်။

စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာသုံးနာအပြင် မေတ္တာပါ ပေါင်းစပ်ပြီး တပည့်တို့အား မျက်နှာကြီးငယ်မဟူ သင်ကြားပေးခဲ့သော ဆရာများ၏ ကျေးဇူးတရားသည် မြင့်မိုရ်တောင်ကြီးမက ကြီးမားလှပါပေသည်။ ထိုကျေးဇူးတရားတို့ကို တပည့်တို့က မိမိတို့၏တတ်စွမ်းသမျှဖြင့် ပြန်လည်ပေးဆပ်နေကြသည်။ အထက(၃) ကြည့်မြင်တိုင်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ကုသိုလ်ယူပွဲ အခမ်းအနားသည် ကြည်နူးအားကျအတုယူဖွယ် မြင်ကွင်းတစ်ရပ်အဖြစ် မြင်တွေ့ရပါသည်။

ကန်တော့ခံဆရာကြီး ဆရာမကြီးတို့အား ကျောင်းသား၊ ကျောင်းသူများက ရိုသေလေးစား နွေးထွေးစွာဖြင့် မြင်တွေ့ရစဉ်။

ကျန်းမာရေးဆွေးနွေးမေးမြန်း

မြတ်ဆရာ ပူဇော်ကုသိုလ်ယူပွဲကို နှစ်စဉ်ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) တွင် ကျင်းပသည်။ ပူဇော်ပွဲမကျင်းပမီ ကျောင်းသားဟောင်း ဆရာဝန်များဖြစ်ကြသည့် ပါမောက္ခဦးစောဝင်း (ဆေးတက္ကသိုလ်)၊ ဒေါက်တာ ခင်မောင်ထွေး၊ ဒေါက်တာမျိုးလှိုင်၊ ဗိုလ်မှူးဒေါ်စန်းစန်းအေးတို့ ဦးဆောင်သော ကျန်းမာရေးအဖွဲ့က ဆရာကြီး၊ ဆရာမကြီးတို့၏ကျန်းမာရေးကို ဆွေးနွေးမေးမြန်း၍ လိုအပ်သည်များကို ဆောင်ရွက်ပေးနေကြသည်မှာ ဝမ်းသာပီတိ ဖြစ်ဖွယ်ဖြစ်သည်။

အခမ်းအနားအဖွင့်တွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးတို့အား ကျောင်းသားဟောင်း ကိုမြင့်ဦးက ပန်းစိုက်ငွေဖလားကိုပိုက်၍ ကန်တော့ခံစင်မြင့်ပေါ်သို့ ကြိုဆိုလာစဉ် မြန်မာ့ဆိုင်းဝိုင်းကြီးမှ သီချင်းကြီးတစ်ပုဒ်ဖြင့် ငြိမ့်ညောင်းသာယာစွာ တီးခတ်ပေးမှု၊ ဆရာကြီး၊ ဆရာမကြီးများ စီတန်း၍ တစ်လှမ်းချင်း ဖြည်းညင်းစွာလျှောက်လှမ်းလာမှု၊ လျှောက်လမ်းတစ်ဖက်တစ်ချက်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများက ထိုင်လျက် လက်အုပ်ချီမိုးကာ ကြိုဆိုနေမှုမြင်ကွင်းမှာ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း ခံစားမှုကို တစ်ချိန်တည်းဖြစ်ပေါ်စေပါသည်။

ကျန်းမာရေးဝန်ဆောင်မှုကို ကျောင်းသားဟောင်း ဆရာဝန်တို့က ဆရာကြီး၊ ဆရာမကြီးတို့ ကျန်းမာရေးကို ဆွေးနွေး မေးမြန်းခဲ့ကြသည်။

အစီအစဉ်အရ ကျောင်းသားဟောင်း ကိုခင်မြင့်က "ဆရာ့ကျေးဇူးအထူးထူး" အစချီ ကန်တော့ချိုးကို ရှေ့မှဆိုကာ ကျောင်းသားဟောင်းတို့ တစ်ပြိုင်တည်းညီညာစွာ လိုက်ဆိုသံမှာ ခန်းမဆောင်ကြီးတစ်ခုလုံး ဟည်းသွားရာ ကြက်သီးမွေးညင်းပင် ထမိပါသည်။

တပည့်များစုပေါင်း၍ ညီညာဖြဖြကန်တော့ကြပြီး ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ နာယက ကိုသိန်းလွင်နှင့် ဥက္ကဋ္ဌ ကိုမြင့်သန်းတို့က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြသည်။ ဆက်လက်၍ ဆရာကြီး ဦးတင်ဝင်း၊ ဆရာမကြီး ဒေါ်ခင်လေးတင့်၊ ဒေါ်စန်းကြည်နှင့် လက်ရှိကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနွယ်အောင်တို့က ဆုံးမဩဝါဒစကားပြောကြားကြသည်။

ကျောင်းသားဟောင်း ဒါရိုက်တာကိုဌေးဝင်း (မြန်မာ့ရုပ်မြင်သံကြား)၏ ကျေးဇူးတင်စကားပြောကြားသည်။ ကျောင်းသားဟောင်းအားလုံး မိမိလက်ရှိအရွယ်ကို မေ့ပျောက်လျက် ပျော်ရွှင်ပေါ့ပါးစွာ ငယ်ဘဝကို ကွက်ကွက်ကွင်းကွင်း ပြန်လည်မြင်ယောင်မိကြသည်မှာ ပျော်စရာကောင်းလှပါသည်။

ဆက်လက်၍ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများက မဲနှိုက်၍ ဆရာကြီး၊ ဆရာမကြီးများအား လှူဖွယ်ပစ္စည်းဖြင့် ကန်တော့စေခဲ့ရာ တက်ရောက်ကန်တော့ခွင့်ရသူတို့၏ အပျော်မျက်လုံး၊ အပြုံးမျက်နှာ၊ အေးမြသော စမ်းရေစီးသံအလား နူတ်မှ တဖွဖွဆုပေးနေသော ဆရာကြီး၊ ဆရာမကြီးတို့၏ ပီတိမျက်နှာသည် နှလုံးသားဝယ် အစဉ်စွဲထင်နေမည့် ပုံရိပ်ပမာဖြစ်ခဲ့ရသည်။

သို့ပါ၍ မြတ်ဆရာပူဇော်ပွဲများ ကျင်းပကြခြင်းမှာ ဗုဒ္ဓ၏ ဆုံးမဩဝါဒနှင့်အညီ ကောင်းမြတ်သော မင်္ဂလာတရားကို ဖော်ဆောင်နေကြခြင်းဖြစ်ပါသဖြင့် မပျောက်မပျက် ထာဝရထိန်းသိမ်းသင့်သော အစဉ်အလာကောင်းတစ်ရပ်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သာမဏေကျော် ဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်း၌ သာမဏေကျော်ဘွဲ့ အောင်မြင်တော်မူသော အရှင်ဇဝနာလင်္ကာရ၏ ဂုဏပူဇာသဘင်ပွဲ ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၂ရက်တွင် အရှင်ဇဝန(ပဲခူး)၊ ၂၃ ရက်တွင် မြန်မာပြည် အရှင်ဣန္ဒက ၂၄ ရက်တွင် အရှင်ဝိဇယာနန္ဒ (ဓမ္မပီတိ) အရှင်သူမြတ်တို့က တရားဓမ္မများ ဟောကြားတော်မူကြပြီး ၂၄ ရက်ပိုင်း တွင် ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အပေါင်းမှန်ကြပါစေ"တရားတော် [ဆရာတော် အရှင်ပဏ္ဍဝံသ (တွံတေး)]
၈း၀၀-၂း၀၀	Soccer Update
၈း၁၅-၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀	Sunday Talk (မျိုးမြတ်သူ၊ ဦးမိုးနိုင်မြင့်)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	တိုင်းရင်းဆေးဝါးစက်ရုံတည်ထောင်မှု---ပြည်သူ့ကျန်းမာရေးအလေးပြု(မန္တလေးတိုင်းရင်းဆေးဝါးစက်ရုံ)
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀-၃း၅၀	စားသုံးသူတို့လိုအပ်ချက်ရေတာရှည်သကြားစက်
၁၀း၀၅-၄း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀-၄း၁၀	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၁၀း၂၅-၄း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅-၄း၃၅	ပါဝင်ဆင်နွှဲပြင်ဦးလွင်မှ ရွှေရတုဂေါက်သီးရိုက်ပြိုင်ပွဲ
၁၀း၅၅-၄း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၀-၅း၀၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ 'ဗဟိုဖောက်စက်'
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	Euro Goals
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	ရေပျော်ငှက်၏တောင်ပံခတ်သံ
၁၂း၁၀-၆း၁၀	လွင်မိုးခရီးသွားနေသည်(အပိုင်း-၄)
၁၂း၄၀-၆း၄၀	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ပဉ္စမအဆင့်ပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Sheffield-Middlesbrough	Star Sports(Live)
၁၀း၃၀	Preston North End-Portsmouth	Star Sports(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Fiorentina-Catania	5 Cartoons(Live)

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီအစည်းအဝေးကျင်းပ ပညာပေး၊ စစ်ဆေး၊ အရေးယူခြင်းများဆောင်ရွက်ရန် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ဆွေးနွေးမှာကြား

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၆/၂၀၀၈)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၆/၂၀၀၈) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နာယက၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က သာမန်ဖြစ်ရိုးဖြစ်စဉ်ထက် အကြိမ်ရေများစွာ တိမ်းမှောက်ဒဏ်ရာရ သေဆုံးမှုများဖြစ်ပေါ်ပါက ဘက်ပေါင်းစုံမှ ထိရိုက်နစ်နာဆုံးရှုံးနိုင်သဖြင့် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရေး၊ ယာဉ်ပိုင်ရှင်များကလည်း ယာဉ်မောင်းသင်တန်း တက်ရောက်ပြီး ကျွမ်းကျင်စိတ်ချရသော အရည်အချင်းပြည့်ဝသည့် ယာဉ်မောင်းများကိုသာ စိစစ်ရွေးချယ်တာဝန်ပေးအပ်ကြရေး၊ ကော်မတီအနေဖြင့်လည်း ရှေ့လုပ်ငန်းစဉ်များချမှတ်၍ ပညာပေး၊ စစ်ဆေး၊ အရေးယူခြင်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ယခင်အပတ်အစည်းအဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးဆောင်ရွက်မှု၊ ၂၀၀၈ ခုနှစ်အတွင်း ဆောင်ရွက်မည့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ် လျာထားချက်များနှင့် ကော်မတီမှ ထုတ်ပြန်ကြေညာမည့် သတိပေးနှိုးဆော်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကော်မတီ၊ ဆပ်ကော်မတီများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်မတော်တဆဖြစ်ပွားမှုများ လျှော့နည်းရေးပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ တွဲဖက် အတွင်းရေးမှူး၊ ယာဉ်ထိန်းကြိုးမဲ့၊ ဒုတိယတိုင်းဦးစီးမှူး ဒုတိယရဲမှူးကြီး အောင်နိုင်သည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက အောင်မင်္ဂလာ အဝေးပြေး ယာဉ်ရပ်နားစခန်း ကွပ်ကဲရေးရုံးခန်းမ၌ ကျင်းပသည့် မော်တော်ယာဉ်များ စည်းကမ်းတကျသွားလာစေရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျှော့နည်းပပျောက်ရေး ပညာပေးဟောပြောပွဲသို့ တက်ရောက်အမှာ စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးသင့်မြတ်သူက ယာဉ်မောင်းရာတွင် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းများ၊ ဥပဒေများကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ဦး၊ မထသ (အဝေးပြေး)ဌာနမှူး ဦးစိုးသွင်တို့က မော်တော်ယာဉ်များ စည်းကမ်းတကျသွားလာရေးနှင့်ပတ်သက်သည့် စည်းကမ်းများကို မှာကြားသည်။

အခမ်းအနားသို့ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း တာဝန်ခံအရာရှိ ဦးစောလင်းနှင့် တာဝန်ရှိသူများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ ၁၅၆ ဦးတို့ တက်ရောက်ကြကာ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော တာဝန်ရှိသူများက မော်တော်ယာဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ **(အောက်ပုံ)**

(၅၄၂)

ချင်းတွင်းမြစ်ကူးတံတား (မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ချင်းတွင်းမြစ်ကူးတံတား (မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန်၊ ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ် (၆)နှင့် (၇)အကြားမှ ဖွင့်လှစ်ထားခဲ့ရာ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ အစုန်/အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၇)နှင့် (၈)အကြားမှ ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ ရှိ၍ ကင်းလွတ်အမြင့်မှာ ပေ ၄၀ ရှိပြီး ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင် တြိဂံအမှတ်အသားပြသကာ ညအခါတွင် မီးစိမ်းထွန်းပြသထားမည်ဖြစ်သည်။ မဝင်ရမည့်ရေလမ်း၌ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါတွင် မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံသည် ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွန်းရေယာဉ်များသည် တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာ၌ မီးလောင် လူနှစ်ဦး၊ နွား ၁၀ ကောင် သေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မကွေးမြို့မှ ၁၀ မိုင်ခန့်အကွာ မကွေးမြို့နယ် တည်ပင်ကန်ပေါက်ကျေးရွာနေ ဦးမောင်မောင် (၄၆)နှစ်၊ ဒေါ်အေးတင့် (၄၅)နှစ်တို့သည် နေအိမ်တွင် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲခန့်က မီးခွက်ထွန်း၍ ထမင်းစားစဉ် မီးခွက်လဲကျပြီး နေအိမ်အား မီးစွဲလောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၁၁၂ လုံး မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် အမျိုးသား ၂၀၁ ဦး၊ အမျိုးသမီး ၂၆၀ စုစုပေါင်း ၄၆၁ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး အေးဝင်း (၃၀)နှစ် ကန်းရင်ရွာ မကွေးမြို့နယ်နှင့် အောင်ကိုသက် (၂၀)နှစ် တည်ပင်ကန်ပေါက်ကျေးရွာ မကွေးမြို့နယ်တို့မှာ သေဆုံးခဲ့ရသည့်အပြင် နွား ၁၀ ကောင် မီးလောင်ကျွမ်းသေဆုံးခဲ့သည်။

မီးဘေးဒုက္ခသည်များအား ကျေးရွာရှိဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်းများ၌ နေရာချထားပေးထားပြီး လိုအပ်သော ထောက်ပံ့မှုများကို သက်ဆိုင်ရာ ဒေသအာဏာပိုင်များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးမောင်မောင်၊ ဒေါ်အေးတင့်တို့အား မကွေးမြို့နယ် ညောင်ကန်ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၁၇/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅/၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror မှုခင်းသတင်းများ မှုခင်းသတင်းများ

ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ အမျိုးသမီးသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျိုက်လတ်မြို့မှ ဖျာပုံမြို့သို့ ငါးခြောက်ဝယ်ရန် ဆိုင်ကယ်အငှားယာဉ်နောက်မှလိုက်ပါလာသူ အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှပြုတ်ကျ၍ သေဆုံးမှုတစ်ရပ် ကျိုက်လတ်နှင့်ဖျာပုံအကြား ကားလမ်းပေါ်တွင် ဖေဖော်ဝါရီ ၄ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ကျိုက်လတ်မြို့ (၄)ရပ်ကွက် ခရစ်ယာန်ကျောင်းဝင်းနေ ဈေးရောင်းသူ မတင်ယုခိုင် (၂၈)နှစ်သည် ဖျာပုံမြို့သို့ ငါးခြောက်ဝယ်ရန်အတွက် ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဖျာပုံမြို့ (၁၅)ရပ်ကွက် မြို့ပတ်(၄)လမ်းနေ ဆိုင်ကယ်အငှားလိုက်သူ သံချောင်း (ခ)ဝင်းမြင့်ဦး၏ ဆိုင်ကယ်ဖြင့်လိုက်ပါခဲ့စဉ် ကျိုက်လတ်မြို့မှ ဖျာပုံမြို့သို့အသွား ကျုံတာရှမ်းကွင်းကျေးရွာ အောင်ဘုံသာဘုရားအနီးအရောက်၌ မတင်ယုခိုင်သည် ဆိုင်ကယ်ပေါ်မှ ပြုတ်ကျခဲ့သည်။ မတင်ယုခိုင်အား ကျိုက်လတ်မြို့ဆေးရုံသို့ တင်ပို့ကုသခဲ့ရာမှ ယင်းနေ့မွန်းလွဲ ၂နာရီတွင် ရရှိထားသောဒဏ်ရာများဖြင့် သေဆုံးသွားသည်။

ထို့ကြောင့် ဆိုင်ကယ်အငှားလိုက်သူ သံချောင်း(ခ)ဝင်းမြင့်ဦးအား ဖျာပုံရဲစခန်းမှ (ပ)၂၂/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)အရ အရေးယူထားကြောင်းသိရသည်။ (၁၆၈)

သဃ်္ဃန်းကျွန်းမြို့နယ်တွင် ခရီးသည်တင်ယာဉ်ပေါ်မှ အမျိုးသမီးတစ်ဦး ပြုတ်ကျသေဆုံး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သဃ်္ဃန်းကျွန်းမြို့နယ် ဦးဘဟန်လမ်းရှိ ဘီအိုစီမှတ်တိုင်အနီးတွင် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီက ယာဉ်မောင်း ဦးအေးကျော်(၅၀)နှစ် ရူပါလမ်း၊ (င/က)ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ် မောင်းနှင်လာသော မထသ အမှတ်(၃၉) ခရီးသည်တင်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် မနီလာဝင်း(၂၃)နှစ် သမာဓိ (၅)လမ်း (ဆ/က) ရပ်ကွက်နေသူသည် ယာဉ်မောင်းနေစဉ် ၎င်း၏ငွေကျပ်ငါးရာကျသဖြင့် ယာဉ်မရပ်သေးဘဲ ဆင်းကောက်စဉ် ယာဉ်ပေါ်မှပြုတ်ကျသဖြင့် ဦးခေါင်းနောက်စေ့တွင် ဖူးရောင်ဒဏ်ရာရရှိခဲ့သည်။ ၎င်းအား စံပြဆေးရုံသို့ တင်ပို့ကုသထားစဉ် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၄ နာရီတွင် သေဆုံးသွားသဖြင့် ဆေးရုံမှ အလောင်းအမှတ် ပီအာရ် (၀၅၀)ဖြင့် စစ်ဆေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မှုစစ်မှ ယာဉ်မောင်း ဦးအေးကျော်နှင့် ယာဉ်နောက်လိုက်ဇော်ထွန်း(၃၅)နှစ် (ဘ) ဦးသိန်းထွန်း နှင်းဆီကုန်းလမ်း (က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်တို့နှစ်ဦးအပေါ် (ပ) သတင်းချက်အမှတ် ၁၁၃/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရပ်ထားသည့် ခရီးသည်တင်ယာဉ်အား ကြိုပို့ယာဉ်ကနောက်မှဝင်တိုက်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာအနီး တိုးဂိတ်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ထန်းတပင်မှ ရန်ကုန်သို့ အမှတ်(၈၇) သန်မြန်သူ ယာဉ်လိုင်းမှ ဦးနေဝင်း(၅၅)နှစ် မောင်းနှင်သည့် ဒိုင်နာယာဉ်အမှတ် ၈က/၆၀၄၅ သည် ခေတ္တရပ်တန့်ထားစဉ် စိုင်းမင်းအောင် (၂၃)နှစ်(ဘ) ဦးသန်းဌေးမောင်းနှင်သည့် ဟီးနိုး ဘီအမ် ကြိုပို့ယာဉ် အမှတ် ထ/၇၂၅၅ က နောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဒိုင်နာယာဉ်ပေါ်တွင် လိုက်ပါလာသည့် မနွယ်နီထွန်း (၁၄)နှစ်နှင့် မခိုင်မာလာ (၂၅)နှစ်တို့နှစ်ဦး၏ ဦးခေါင်းနှင့်ပေါင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဘီအမ်ယာဉ်မောင်းနှင်သူ စိုင်းမင်းအောင်အား တက်သစ်ရဲစခန်းမှ (ပ) သတင်းချက်အမှတ် ၂၀/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၈ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

တာမွေမြို့နယ်တွင် ညစ်ညမ်းဗီစီဒီအခွေများ ဖမ်းဆီး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တာမွေမြို့နယ် ကျိုက္ကဆံလမ်း ဗလီထိပ် ကားမှတ်တိုင်အနီး လမ်းဘေးတွင် ညစ်ညမ်းဒီဗီဒီနှင့် ဗီစီဒီများရောင်းချနေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၁၄ ရက်က တာမွေရဲစခန်းမှ တာဝန်ရှိသူများက စစ်ဆေးဖမ်းဆီးခဲ့ရာ မျိုးမြင့် (၂၃)နှစ်၊ မြိုင်တန်းသာလမ်း (၁၀၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ထံမှ ညစ်ညမ်းဒီဗီဒီနှင့် ဗီစီဒီအချပ် ၁၃၀ ခန့်ကို ဖမ်းဆီးရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တာမွေရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၃၀၉/၂၀၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၂ အရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်လုံးထီလောင်းကစားသူများအား လောင်းကြေးငွေနှင့်အတူ ပွားထားသည့် လက်ကိုင်ဖုန်းပါသိမ်းဆည်းရမိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုမာလာလမ်း အမှတ်(၄၁၀)ရှိ မောင်မောင်ဦး၏ နေအိမ်၌ တရားမဝင် နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၁၅ရက် ညနေ ၄နာရီခွဲခန့်က ရန်ကုန်တိုင်းရဲမှုခင်း (အကူ)အဖွဲ့မှ ဒုရဲအုပ်တင်သန်းဦးနှင့် မြောက်ဥက္ကလာပရဲစခန်းနယ်ထိန်းအဖွဲ့တို့ ပူးပေါင်းသောအဖွဲ့က သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အပေါ်ထပ် ဘုရားခန်းရှေ့၌ မောင်မောင်ဦး (၃၆)နှစ်အား နှစ်လုံးထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ လောင်းကြေးငွေကျပ် ၇၁၀၀၀နှင့် စီဒီအမ်အေ ဖုန်း-၇၂၄၈၉၈အား ထပ်ဆင့်ပွားထားသော အယ်လ်ဂျီအမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မောင်မောင်ဦးအား မြောက်ဥက္ကလာပရဲစခန်းမှ (ပ) သတင်းအချက်အမှတ်-၂၀၀/၂၀၀၈၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။

(သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွာသာကြီးဘူတာနှင့် ယာဒ်ဝင်း တိုးချဲ့ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွာသာကြီးဘူတာ အဆင့်မြှင့်တင်ရေးလုပ်ငန်း ဒဂုံတက္ကသိုလ်ဘူတာနှင့် ရန်ကုန်ဘူတာကြီးလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရွာသာကြီးဘူတာသို့ သွားရောက်၍ ဘူတာနှင့် ယာဒ်ဝင်းတိုးချဲ့ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မြေသားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တိုးကြောင်ကလေးဘူတာနှင့် ဒဂုံတက္ကသိုလ်ဘူတာတို့သို့ သွားရောက်၍ ဒဂုံတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ မီးရထားဖြင့် သွားလာမှုလွယ်ကူချောမွေ့စွာ စီးနင်းလိုက်ပါရေးအတွက် စီစဉ်ထားရှိမှုနှင့်စပ်လျဉ်း၍ ဒဂုံတက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒဂုံတက္ကသိုလ်ဘူတာ ယာဒ်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုနှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှု၊ ရထားတွဲများ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဒဂုံတက္ကသိုလ်ဘူတာမှ ရန်ကုန်ဘူတာကြီးအထိ RBE ရထားဖြင့် စီးနင်းလိုက်ပါ၍ လမ်းပိုင်းတစ်လျှောက် ပြုပြင်ထိန်းသိမ်းမှု အခြေအနေများနှင့် ရထားလမ်းအတွင်း ကျောက်ဖြည့်ရန် လိုအပ်သည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ရထားအချက်ပြဆက်သွယ်ရေးစနစ်များ အဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

ပါကစ္စတန် မဲဆွယ်ပွဲရုံ၌ ဗုံးကွဲသတင်း အပါအဝင် နိုင်ငံတကာ ရေးရာ သတင်းများ စာမျက်နှာ-၄၊၅

ကမ္ဘာတစ်လွှား ထူးထူးခြားခြား မှတ်တမ်းများ စာမျက်နှာ-၈

မှုခင်းသတင်းများ စာမျက်နှာ-၁၂

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

- ☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
- ☆ BBC ညာနေသည်
  VOA လိမ်နေသည်
  RFA ရန်တိုက်ပေးနေသည်
- ☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား